မောင်ဘချစ်

ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ။

# မင်းသိင်္ခ

# ဖြစ်ချင်တာဖြစ် မောင်ဘချစ်



တတိယအကြိမ်

L လင်း

09 420040335

ဒီကနေ့ ပျော်အောင်နေမယ်။ မနက်ဖြန်ဆိုတာ မရှိဘူး။ မနေ့ကလည်း ပြီးသွားပြီ။

*

## ဒုက္ခဖြစ်စေသော အကြောင်းတရားများ

(တစ်) ခင်ဗျားက အမြဲတမ်းဒုက္ခ ဒုက္ခနဲ့ ညည်းညူနေတယ်၊ ဒုက္ခကို ဖိတ်ခေါ်နေတယ်။

(နှစ်) ခင်ဗျားက မှိုင်တွေချနေတတ်တယ်၊ မောင်ဘချစ်က ဘယ်လို အကြောင်းနဲ့ မှ မမှိုင်တတ်ဘူး၊ ဖြစ်ချင်ရာဖြစ်လို့ သဘောထားတယ်။

(သုံး) ခင်ဗျားက မရောက်သေးတဲ့ မနက်ဖြန်ကို စိတ်ကူးပြီး မနက်ဖြန်အတွက် စိုးရိမ်နေတတ်တယ်။

(လေး) ခင်ဗျားက တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး သောကဖြစ်နေတတ်တယ်။

မိတ်ဆွေ အကယ်၍ ဒုက္ခဖြစ်လာလျှင် မောင်ဘချစ်ကဲ့သို့ ဒုက္ခစာရင်းကို စနစ်တကျလုပ်ကြည့်စမ်းပါ။ ဒုက္ခ၏ ထွက်ပေါက်များ တွေ့လာလိမ့်မည်။ ဤနည်းကို စာရေးသူကိုယ်တိုင် အကြိမ်ကြိမ်စမ်းသပ်ကြည့်ခဲ့ဖူးပါသည် ။ အောင်မြင်ခဲ့ဖူးပြီးသော ပွဲတွေ့နည်းဖြစ်ပါသည် ။

ဒုက္ခကို စာရင်းလုပ်ပြီး ဖြေရှင်းပါ။

**မင်းသိခ်**

*

## ဧတောနသစ္စဝစ္စေန

လေ့ငယ်တစ်စင်းတို့ မည်သည် ကမ်းမှ လွန်စွာ ခွာ၍ မသွားစကော
င်း၊

ထို့ကြောင့် ကျွန်ုပ်သည် လွန်စွာခိုင်ခံ့သည့် ကမ်းကြီးများ နှင့် အ
လားသဏ္ဍာန်တူသော ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးဒဂုန်ရွှေမျှား
တို့ ၏ ရေးဟန်သားဟန်တို့ ကို သာမက၊ ဇာတ်ကွက်ဇာတ်လမ်း ဆင်ပုံ
များ နှင့်ပါ နီးနိုင်သမျှ နီးကပ်အောင် သွေးကူလျက် ကျွန်ုပ်၏ စာများကို
ရေးရသည် ဖြစ်သည့် အလျောက် ၎င်းဆရာကြီးနှစ်ဦးအား ကျွန်ုပ်သည်
နဖူးမြေစိုက်ဦးခိုက်ပူဇော်ပြီး ဖြစ်၏ တည်း။

ဤမည်သော သစ္စာစကားကြောင့် ၎င်းဆရာကြီးတို့ ၏ စာသည် အ
ဓွန့်ရှည်စွာတည်သကဲ့သို့ ကျွန်ုပ်၏ စာများ သည် လည်း တည်တံ့ပါစေ
သော်. . ..

**မင်းသိခ်**

*

# အသက်မွေးဝမ်းကျောင်း ရွေးချယ်နည်း

(တစ်)လူတစ်ရာမှာ တစ်ယောက်တောင် ဟန်ကျ ပန်ကျဖြစ်ခဲ့တဲ့ အောင်မြင်ခဲတဲ့ အနုပညာအလုပ်၊ ဥပမာ ဘိုင်စကုတ်မင်းသား အလုပ်၊ စာရေးဆရာအလုပ်၊ ဂီတသမားအလုပ်၊ ကြော်ငြာကိုယ်စားလှယ်အလုပ် ၊ အသက်အာမခံ ကိုယ်စားလှယ်အလုပ် စတဲ့ အလုပ်မျိုးတွေကို မရွေးချယ်ရဘူးကွ၊ ဒီအလုပ်မျိုးတွေက အောင်မြင်ရင်တော့ အလွန်အင်မတန်ကောင်းပါတယ်၊ မအောင်မြင်ရင် ရေစုန်မျောမယ့် အလုပ်မျိုးတွေကွ၊ ဒါကြောင့် ကြပ်ကြပ်ရှောင်ပါ။

(နှစ်)အသက်မွေးဝမ်းကျောင်းတစ်ခုကိုရွေးချယ်တော့မယ်ဆိုရင် လနဲ့ နှစ်နဲ့ ချီပြီး လေ့လာစဉ်းစား ပြီးမှ သာ ငါဘာလုပ်ရမယ်လို့ ဆုံးဖြတ်ပါ။

(သုံး)အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် ဗေဒင်ဆရာဆီက ဟောချက်နဲ့ မလုံလောက်ဘူးကွ၊ ဗေဒင်ဆရာကတော့ ကမ္ဘာဇီဝဂြိုဟ်ဟာ ဘယ်ဂြိုဟ်ဖြစ်လို့ သာ ဘာအလုပ်လုပ်ပါလို့ ဟောမှာ ပဲ၊ ဒါပေမဲ့ သူ့စကားကိုလည်း မယုံနဲ့ ဦးကွ၊ အဲဒီဗေဒင်ဆရာကိုယ်တိုင်က ဘယ်ဂြိုဟ်တွေ ဘာဖြစ်နေလို့ ဗေဒင်ဆရာဖြစ်လာတာလဲဆိုတာတောင် မစဉ်းစားမိတဲ့ ဗေဒင်ဆရာကများ တယ် ကိုယ်လူ။

(လေး)လောကမှာ ငါဟာဖြင့် ဒီအလုပ်တစ်မျိုးတည်းနဲ့ သင့်တော်တဲ့ လူလို့ ကိုယ့်ကိုယ်ကို မထင်မိလေနဲ့ ကွ၊ အနည်းဆုံး အလုပ်သုံးလေးမျိုး

လုပ်နိုင်စွမ်းတာချည်းပဲ၊ ဥပမာကွာ ငါဟာ အခုအခါ ပန်းရန်သမားတစ်ယောက်ပဲ၊ အဲဒါနဲ့ ပဲ ငါ့ကို ပန်းရန်အလုပ်တစ်ခုမှာ ပဲ သင့်တော်လိမ့်မယ်လို့ မထင်နဲ့ ကွ။ တကယ်လို့ ငါဟာ ထမင်းချက်လုပ်ရရင်လည်း ထမင်းချက်ကောင်း တစ်ယောက်ဖြစ်မှာ ပဲ၊ ကျောင်းဆရာလုပ်ရရင်လည်း ကျောင်းဆရာကောင်းတစ်ယောက် ဖြစ်နိုင်ပါတယ်။ အေး . . . အေး . . . ဒါပေမဲ့ ငါဟာ မျက်စိလည်ပြီးများ မော်တော်ကားမောင်းတဲ့ အလုပ်ကို ရွေးချယ်မိရင်တော့ ကားမောင်းရင်း ဟိုစိတ်ကူးဒီစိတ်ကူးနဲ့ လျှောက်ပြီး တိုက်ကုန်မှာ ပဲကွ၊ ဟား. . .ဟား၊ ပြီးတော့ စစ်တပ်ထဲဝင်ပြီး စစ်ဗိုလ်လုပ်မိရင် ငါအုပ်ချုပ်တဲ့ စစ်သားတွေဟာ ဘယ်လောက်များ စည်းကမ်းပျက်ကုန်ကြမလဲမဆိုနိုင်ဘူးဟေ့။

(ငါး)အသက်မွေးဝမ်းကျောင်းအလုပ်ကို ရွေးချယ်ပြီးရင် အဲဒီအလုပ်က ဝါရင့်ပုဂ္ဂိုလ်တွေဆီက အကြံဉာဏ်ကို မရမက ယူရတယ်ကွ၊ အဲဒီအချက် ငါးချက်ကို သေသေချာချာမှတ်ပြီး အချိန်ယူစဉ်းစားစမ်းပါ မောင်ဘချစ်ရယ် ဟု ပြောဆိုကာ ဦးဂွမ်တီက ထရံတွင် ချိတ်ထားသော တရုတ်တယောလေးကိုဖြုတ်၍ ကြိုးညှိလိုက်ပြီးလျှင်. .

"ငါ့ကို ဂီတဆရာလုပ်ခိုင်းရင် အကောင်းဆုံးမဖြစ်ဘူးထားဦး၊ ခပ်ညံ့ညံ့စာရင်းထဲမှာ တော့ မပါနိုင်ဘူးကွ"

ဟု ဆိုကာ တောလားတစ်ပုဒ်ကို တယောကလေးဖြင့် လက်သံပြလေတော့၏။ မောင်ဘချစ်ကလည်း တယောအလိုက်၌ ဝင်၍ ဆိုလေတော့၏။

မှတ်ချက် ။လူငယ်များ သည် မိမိနှင့်ကိုက်ညီသော အလုပ်ကို ရွေးချယ်နိုင်ကြပါစေ။ ရွေးချယ်နိုင်ရန်မှာ လည်း အချိန်ယူ၍ စဉ်းစားစေချင်ပါသည် ။ ထိုသို့စဉ်းစားရန် အခြေအနေမပေးသေးပါက ရရာအလုပ်ကို ဝ

င်၍ လုပ်ပါ။ သို့ရာတွင် မိမိနှင့်သင့်တော်သောအလုပ်ကို တွေ့ရှိသည့်အခါ၌ မသင့်တော်သော အလုပ်ကိုစွန့်ပစ်ရန် သတ္တိရှိစေလို၏။ ဤသို့မှာကြားရခြင်းမှာ စာရေးသူ၏ စေတနာဖြစ်ပါသည် ။

**မင်းသိခ်**

*

# ဦးလေးထက် သုံးနှစ်ကြီးသော တူတစ်ယောက်

တစ်နေ့သ၌ ရန်ကုန်ဆေးရုံကြီးရှိ အရေးကြီးသော လူနာဆောင်သို့ လူနာနှစ်ဦး ရောက်ရှိလာကြလေ၏။ တစ်ဦးသောလူနာမှာ အသက်အား ဖြင့် လေးဆယ်ကျော်ကျော်အရွယ်ခန့်ရှိ ကိုဘချစ်ဆိုသူ ဖြစ်၏။ ကျန်တ စ်ယောက်မှာ မူ အသက်(၆၀)ကျော် (၇၀)နီးပါးအရွယ်ခန့်ရှိ ဦးကံသာဟူ သည့် အဘိုးကြီးတစ်ဦးဖြစ်ပေသည် ။

၎င်းအဘိုးကြီးဦးကံသာမှာ "တဟင်းဟင်း"နှင့် ညည်းညူ၍ "တကျွ တ်ကျွတ်"နှင့် စုတ်သပ်၏။ အနည်းငယ်မျှ ဝေဒနာသက်သာလျှင် ဆေးရုံ ၏ ဝရန်တာသို့ထွက်ကာ သံဆန်ခါ၌ မှီ၍ ၎င်းအိမ်သူအိမ်သားများကို မျှော်လေ၏။ ထို့နောက် စိတ်ပျက်အားငယ်စွာနှင့် ခုတင်ဆီသို့ ပြန် လာပြီးလျှင် တဟင်းဟင်းနှင့် ညည်းညူပြန်လေ၏။ တကျွတ်ကျွတ်နှင့် အိမ်မြှောင်စုတ်ထိုးသကဲ့သို့ လုပ်၍ နေ၏။

၎င်း၏ ခုတင်နီးချင်း ကိုဘချစ်မှာ မူ ထိုသို့မဟုတ်ပေ။ လေကလေး တချွန်ချွန်နှင့်ရှိ၏။ ထို့နောက် မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်၍ နေ၏။ ဖတ်ပြီးလျှင် လေချွန်ပြန်၏။ လေချွန်၍ ဝလျှင် ဟိုလျှောက်သည် လျှော က်လျှောက်၏။ မည်သူ့ကိုမျှလည်း မျှော်၍ မနေပေ။ အခြားသော ခုတင် မှ လူနာများ ဆီသို့ သွားရောက်ကာ အားပေးစကားပြော၏။ လှည့်လည် ၍ နှုတ်ဆက်၏။ ၎င်း၏ အပြုအမူမှာ လူနာတစ်ဦးနှင့် မတူပေ။ ဆေးရုံ သို့ လာရောက်ကြည့်ရှုရသော ကျန်းမာရေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးနှ

င့် ပိုပြီးတူနေလေ၏။

ထိုသို့ပြုလုပ်ပြီးလျှင် ခုတင်ဆီသို့ ပြန်လာ၍ ကလေးများ ဖတ်သော နိုင်ငံခြားကာတွန်းစာအုပ်ကို ကြည့်၏။ သဘောကျ၍ ပြုံး၏။ ထို့နောက် အသံထွက်အောင် တခစ်ခစ်ရယ်၏။ ၎င်းကိုဘချစ်ကို ကြည့်ရသည် မှာ မင်္ဂလာဆောင်လုဆဲဆဲ၌ အိုင်ယာလန်ထီပေါက်သော သတို့ သားလောင်းကဲ့သို့ ရှိလေ၏။

ညနေပိုင်းသို့ရောက်လျှင် ဦးကံသာဆိုသည့်အဘိုးကြီး၏ အိမ်မှ ဇနီး နှင့် သားသမီးများ သာမက မြေးမြစ်များ ပင် ရောက်ရှိလာကြတော့လေ ၏။ ဦးကံသာ၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းက ဦးကံသာကို တွေ့လျှင် တွေ့ချင်း. . .

“ကိုကိုရေ. . .သန်းတို့ ဒီကိုလာခါနီးကျမှ ကားက ရုပ်ကျိုးသွားတယ် ။ ဒါကြောင့် ကိုကို့ကို ပြောတာပေါ့၊ ဟောလ်မင်ကားကို ဘယ်တော့မှ မ စီးပါနဲ့ လို့ ၊ ကိုကိုတို့ ကတော့ အင်္ဂလိပ်ကားက ညဉ်ကောင်းတယ်လေး၊ သန္တေကောင်းတယ်လေးနဲ့ ၊ ဟင်း. . .”

ဟု မဲ့ကာ ရွဲ့ကာပြောလိုက်သောအခါ ဦးကံသာကြီး၏ မျက်နှာသည် ညိုပုပ်ပုပ်ဖြစ်၍ သွားလေတော့၏။

ထိုအခါ ဒေါ်သန်းသန်းက. . .

“ပြီးတော့ သမီးငယ်ကလည်း ဒက်ဒီအခုလို ဆေးရုံတက်နေရင် တော့ရှေ့အပတ်ထဲမှာ လုပ်ရမယ့် သူ့ Birthday တော့ မလုပ်ဖြစ်တော့ပါ ဘူးဆိုပြီးငိုလိုက်တာ တရှုပ်ရှုပ်နဲ့ ချော့လို့ ကိုမရဘူး၊ အဲဒါကြောင့် သန်း က ပြောတာပေါ့၊ သားသမီးတွေကို အလိုမလိုက်နဲ့ ၊ အလိုမလိုက်နဲ့ လို့ . . . ဟင်း. . .”

ဟု ပြောလိုက်ပြန်လေ၏။

ဦးကံသာကြီး၏ မျက်နှာသည် မည်းမှောင်အုံ့မှိုင်း၍ သွားလေတော့၏။ ဒေါ်သန်းသန်းသည် အနီးရှိ ခွေးခြေတစ်လုံးတွင် ဝင်၍ ထိုင်ကာ. . .

"သြော်. . . ကိုကို့ကို ပြောရဦးမယ်၊ ဆန်စက်လည်ဖို့ ဘဏ်က ချေးထားတဲ့ ငွေတွေကိုလည်း ရှေ့လဆန်း(၁၀)ရက်မှာ သွင်းရမယ်တဲ့ ၊ မသွင်းရင် တရားစွဲမယ်လို့ စာလာတယ်"

ဟု ပြောလိုက်ရာ ဦးကံသာကြီး၏ မျက်နှာသည် ငိုတော့မည်ကဲ့သို့ ဖြစ်၍ လာလေ၏။

ထိုအခါ၌ ဦးကံသာ၏ သမီးကြီးကလေးသုံးယောက်အမေ "မော်လီကံသာ" ဆိုသည့် မိန်းကလေးကလည်း . ..

"ဒက်ဒီရယ် . . . ဒက်ဒီ့သား ရစ်ချက်ကတော့ နည်းနည်းမှ ကို မသိတတ်ဘူး၊ အဲဖရက်နဲ့ ဂျာကင်အင်္ကျီကို ယူပြီးမဝတ်ပါနဲ့ လို့ ဆိုတာ ပြောလို့ ကိုမရဘူး၊ အတင်းယူဝတ်သွားတယ်။ အဲဖရက်က ပြန် လာပြီး ဂျာကင်အင်္ကျီမတွေ့တော့ မော်လီ့ရန်လုပ်တာပေ့ါ၊ မော်လီနဲ့ သူ့နဲ့ လည်း မနက်က သတ်ကြတယ်လေ၊ မော်လီ့ကို ဆံပင်ဆွဲပြီး ပါးကိုရိုက်တယ်၊ မော်လီကလည်း သူ့လည်ပင်းကို လက်နဲ့ တအားညှစ်ထားတာ၊ ဒရိုင်ဘာကြီးသာ လာမဆွဲရင် သူအသေပဲ၊ ဘချစ်ဆီသို့ မေးငေ့ါ၍ ပြလေ၏။ ဒေါ်သန်းသန်းဆိုလိုသော အမိပ္ပာယ်ကို နားမလည်သော မော်လီက ဒေါ်သန်းသန်းအနီးသို့ကပ်ကာ. . .

"ဘာလဲ မာမီ" ဟု တိုးတိုးကလေး မေး လိုက်လေ၏။

"ညည်းတို့ လူရိပ်လူကဲ မပါးပုံကတော့လွန်ပါရော၊ ဟိုခုတင်က လူနာကိုကြည့်စမ်း၊ သူ့အိမ်ကလည်း တစ်ယောက်မှ မလာပါလား၊

အပေါင်းအသင်းမိတ်သင်္ဂဟဆိုလို့ လဲ ခွေးတစ်ကောင် ကြောင်တစ်မြီး တောင်လာတာ မတွေ့ပါလား”

ဟု ဒေါ်သန်းသန်းက ပြောလိုက်ရာမော်လီက. .

“ဟုတ်ပါရဲ့ မာမီရယ်၊ တစ်ကောင်ကြွက်ဆိုတာမျိုးနဲ့ တူတယ်” ဟု ပြန်၍ ပြောလေ၏။

ဦးကံသာမှာ မူ ငိုရှိုက်နေဆဲဖြစ်လေ၏။ ထိုအချိန်၌ အောက်ပိုင်းတွင ကာကီဘောင်းဘီ၊ အထက်ပိုင်း၌ လွန်စွာဟောင်းနွမ်းသော ကုတ်အင်္ကျီကြီးတစ်ထည်ကိုဝတ်ဆင်၍ စစ်လွယ်အိတ်တစ်လုံးကို လွယ်ထားသော ထောင်ထောင်မောင်းမောင်း လူကြီးတစ်ဦးသည် မောင်ဘချစ်ထံသို့ ရောက်ရှိ လာလေ၏။

ထိုလူကြီးက မောင်ဘချစ်အား . . .

“ဂွဒ် တူဒေး”

ဟု လှမ်း၍ ပြောလိုက်ရာ မောင်ဘချစ်ကလည်း ထိုလူကြီးအား ဝမ်းသာအားရလေသံနှင့်

“တူဒေး”

ဟု ပြန်၍ အော်ဟစ် လိုက်လေ၏။

ကာကီဘောင်းဘီနှင့် လူကြီးသည် မောင်ဘချစ်ခုတင်အနီးရှိ ခွေးခြေ၌ ထိုင်လိုက်ပြီးလျှင်.. .

“မင်းဆေးရုံတက်ရတယ်ကြားလို့ လာခဲ့တာ ၊ ဆေးရုံကလည်း ပျော်စရာကြီးပါလားကွာ”

ဟု ပြော လိုက်လေ၏။

"နေရာတိုင်းမှာ ပျော်စရာကြီးပဲ မဟုတ်လား၊ ဆရာသမားရယ်"

ဟု မောင်ဘချစ်က ပြန်၍ပြောလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက. . .

"အေး ဟုတ်တယ်ကွ၊ ပျော်စရာကြီးတွေပါပဲ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်၊ ကြက်၊ ဝက်၊ ငှက်၊ ကြောင်၊ ခွေး၊ မျှော့၊ ကျွတ်၊ ဖြုတ်၊ သန်း၊ အို. .. ကွာ.. . သတ္တဝါအန္တရာယ်လို့ ရှိတဲ့ အထဲမှာ လူဖြစ်ခွင့်ရတာကိုက တော်တော့်ကို ကျေနပ်ဖို့ ကောင်းနေပါဘိ။ ပျော်ဖို့ ကောင်းနေပါဘိ၊ အဲဒီအခွင့်အရေးကြီးရပါလျက်နဲ့ မပျော်နိုင်ဘူးဆိုတဲ့ လူဟာ စကြဝတေးမင်းရဲ့ စည်းစိမ်ကိုပေးရင်လည်း ကြံဖန်စိတ်ညစ်နေမယ့် လူစားမျိုးပဲကွ. . .ဟေ. . .ဟေ . . ဟေ"

ဟု ပြောဆိုရယ်မော လိုက်လေ၏။

"ဆရာသမားရယ်၊ မပျော်တဲ့ လူကတော့ ဟုတ်ပါပြီ၊ လူဖြစ်ခွင့်ရတာကိုပဲ ကျေနပ်ပြီး ပျော်နေတဲ့ ကျွန်တော်တို့လို အကောင်းမြင်ဝါဒသမားကျတော့ကောဗျာ၊ ဘာနဲ့ တူပါသတဲ့ တုန်း"

ဟု မေးလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက. . .

"လောကကြီးကို အကောင်းမြင်တတ်တဲ့ လူဟာ ရေနွေးအိုးနဲ့ တူတယ်ကွ"

ဟု ပြောလိုက်လျှင် ကိုဘချစ်က

"ဘယ်နှယ့် . . .ဘယ်နှယ့်လောကကြီးကို အကောင်းမြင်တတ်တဲ့ လူဟာ ဘယ်လိုကြောင့် ရေနွေးအိုးနဲ့ တူတာတုန်း ဆရာသမားရဲ့ "

ဟု ပြန်၍ မေး လိုက်လေ၏။

"ဒီလိုလေကွာ၊ ရေနွေးအိုးဆိုတာ အထဲမှာ ပူ လာလေလေ သူ့ရဲ့ နှုတ်သီးက တရှီရှီနဲ့ လေကလေးတချွန်ချွန်လုပ်လေမဟုတ်လား၊ ပူလှချည်ရဲ့ လောင်လှချည်ရဲ့ လို့ အော်ဟစ်ငိုကြွေးတတ်တဲ့ ရေနွေးအိုးရယ်လို့ တစ်လုံးတလေများ ရှိဖူးပါသလား မောင်ဘချစ်ရယ်"

ဟု ကာကီရောင်ဘောင်းဘီနှင့် လူကြီးက ပြောလိုက်ရာကိုဘချစ်က သဘောကျလွန်း၍ တဟဲဟဲရယ်မောလေ၏။

"ဆရာသမားပြောလိုက်တဲ့ ဥပမာလေးကတော့ တကယ်ကောင်းဗျာ၊ အဲဒီစကားလေးကို ပုံနှိပ်ပြီးစိတ်ညစ်တတ်တဲ့ လူတွေကို သူတို့ ရဲ့ ဧည့်ခန်းမှာ ကပ်ထားဖို့ လက်ဆောင်ပေးချင်လိုက်တာဗျာ"

ဟု ပြောလိုက်ရာ ကာကီဘောင်းဘီနှင့်လူကြီးက

"ဒီလိုဆိုရင် အင်္ဂလိပ်လိုပါ မှတ်ထားလိုက်ဦးကွ"

ဟု ပြော လိုက်လေ၏။

"ဆိုစမ်းပါဦး"

ဟု ကိုဘချစ်က ပြောလိုက်လျှင် ထိုလူကြီးက လွန်စွာကိုးရိုးကားရားနိုင်သော လေယူလေသိမ်းဖြင့် အောက်ပါအင်္ဂလိပ်စကားကို ပြော လိုက်လေ၏။

An Optimist Is Like A Tea Kettle,

Although Up To His Neck In Hot

Water, He Continues To Sing.

ထိုလူကြီးသည် သူ၏ စကားကို သဘောကျ၍ တဟင်းဟင်းနှင့် ရယ်မောလေ၏။ မောင်ဘချစ်က. . .

"ဆရာသမားရဲ့ အင်္ဂလိပ်အသံထွက်ကတော့ တကယ့်ကို အချိုးမကျပါလား"ဟု နောက်ပြောင်လိုက်ရာ ထိုလူကြီးက...

"အဲဒါကိုပဲ ငါကဂုဏ်ယူတာကွ၊ ငါ့ရဲ့ အင်္ဂလိပ်အသံထွက်ကို ကြားရတဲ့ လူတိုင်းက အသက်ကြီးမှ အင်္ဂလိပ်စာသင်ခဲ့တယ်ဆိုတာကို ငါက မပြောဘဲနဲ့ အတပ်သိနေကြတယ်လေကွာ၊ ဒါဟာ ဂုဏ်ယူစရာအချက်ပဲ မဟုတ်လား၊ ဟေ..ဟေ..ဟေ့"

ထို့နောက် ကာကီဘောင်းဘီဝတ်လူကြီးက ၎င်း၏ စစ်လွယ်အိတ်အတွင်းမှ စက္ကူဖြင့်ထုပ်ပတ်ထားသော အထုပ်ကလေးတစ်ထုပ်ကို ဖြေလိုက်ရာအတွင်းမှ ပေါက်စီကလေးတစ်လုံးထွက် လာလေ၏။ ထို့နောက် လူကြီးသည် အိတ်အတွင်းမှ ချိုင့်ကလေးတစ်လုံးကို ထုတ်လိုက်ပြန်လေသည် ။ ပြီးလျှင် ထိုချိုင့်ကလေးကို အဖုံးဖွင့်၍ ကိုဘချစ်၏ ခေါင်းရင်းတွင် ရှိသော ကြွေရည်သုတ်သံခွက်ကလေးကို လှမ်း၍ ယူကာ ချိုင့်ကလေးအတွင်းမှ လက်ဖက်ရည်များကို ငှဲ့ချလေ၏။ ကိုဘချစ်သည် ထိုလူကြီး၏ အပြုအမူကို ကြည့်၍ ကျေနပ်စွာပြုံး လိုက်လေ၏။

"လက်ဖက်ရည်နဲ့ ပေါက်စီ"

ဟု လည်း ကိုဘချစ်က ပြော လိုက်လေ၏။ လူကြီးက...

"မင်းပြောတာ မှားတယ်၊ လက်ဖက်ရည်နဲ့ ပေါက်စီ မဟုတ်ဘူး ကွ"

ဟု ထိုလူကြီးက ပြောလိုက်ရာ ကိုဘချစ်က...

"ဒါဖြင့် ဘာလဲ ဆရာသမားရဲ့ "

"မသေမချင်းမှတ်ထား၊ ပေါက်စီနဲ့ လက်ဖက်ရည်ခေါ်တယ်"

ဟု ပြော လိုက်လေ၏။

"တူတူပါပဲဗျာ၊ ဘာဖြစ်လို့ မှားရမှာ လဲ"

ဟု ကိုဘချစ်က ပြောလျှင် လူကြီးက. . .

"ပေါက်စီကို အရင်ထုတ်တာပဲကွ၊ လက်ဖက်ရည်က နောက်မှ ဥစ္စာ၊ သူ့ကိုခေါ်တဲ့ အခါမှာ လည်း ပေါက်စီကို ရှေ့ကခေါ်ရမှာ ပေါ့၊ ပြီးတော့ ပေါက်စီက အစိုင်အခဲကွာ၊ လက်ဖက်ရည်က အရည်ပဲကွာ၊ အစိုင်အခဲနဲ့ အရည်ဆိုရင် အစိုင်အခဲကို ဦးစားပေးရမှာ ပေါ့ကွ"

ဟု လူကြီးက ခပ်တည်တည်နှင့် ပြောလေ၏။

"ဦးစားမပေးရင်ကောဗျာ၊ အဲဒီပေါက်စီက ကျုပ်ကို တရားစွဲမတဲ့ လား"

ဟု ကိုဘချစ်က ပြောလိုက်လျှင် ကာကီဘောင်းဘီနှင့်လူကြီးက. . .

"မင်းတော်တော် တော် လာပြီ၊ မင်းကိုခပ်တည်တည်နဲ့ လိမ့်လို့ မရ တော့ဘူး၊ ဟေ. .ဟေ. .ဟော့ ၊ ကဲ. . .ကဲ. . လက်ဖက်ရည်နဲ့ ပေါက်စီပဲဖြစ်ဖြစ်၊ ပေါက်စီနဲ့ လက်ဖက်ရည်ပဲဖြစ်ဖြစ် သောက်လိုက်စား လိုက်စမ်းပါဦးကွာ"

ဟု ပြော၍ ပေါက်စီကို တစ်ခြမ်းဖဲ့၍ ကိုဘချစ်အားပေး လိုက်လေ၏ ။ ကိုဘချစ်လည်း ထိုလူကြီး၏ လက်တွင်းမှ ပေါက်စီကို လှမ်း၍ ယူပြီး လျှင် မြိန်ယှက်စွာစားသောက် လိုက်လေ၏။ လူကြီးလည်း ကျန်သော ပေါက်စီတစ်ခြမ်းကို ပလုတ်ပလောင်း ဝါးစားရင်း. . .

"နေစမ်းပါဦး မောင်ဘချစ်ရ၊ မင်းရောဂါက ဘာရောဂါတဲ့ တုန်း ကွ"

ဟု မေး လိုက်လေ၏။

"ကင်ဆာလို့ ပြောတာပဲ"

ဟု ကိုဘချစ်က ပြန်၍ ဖြေလိုက်လျှင် လူကြီးက

“ဝမ်းသာစရာကောင်းတဲ့ ရောဂါပဲကွ၊ သူဖြစ်ပြီဆိုရင် သေမင်းနဲ့ စာချုပ်ချုပ်ပြီးသားဆိုပဲ” ပြော လိုက်လေ၏။

“ဆရာသမားပြောသလိုဆိုရင် တော်တော်ချစ်ဖို့ ကောင်းတဲ့ ရောဂါပဲ ”

ဟု ကိုဘချစ်က ပြော လိုက်လေ၏။

“အေးကွ ကင်ဆာဆိုတာ ' Cancer ' ဆိုတဲ့ စာလုံးပေါင်းပဲ၊ ကောင်း ကင်နက္ခတ်တာရာတွေနဲ့ ပတ်သက်လို့ ဆိုရင်တော့ ဒီစာလုံးဟာ ကြဋ္ဌ ဆိုတဲ့ ရာသီကို ပြောတာကွ၊ အဲဒီရာသီရဲ့ တံဆိပ်က ကဏန်းကောင်ရဲ့ ပုံကွ၊ ဦးထွန်းငြိမ်းရဲ့ အဘိဓာန်မှာ တော့ ပုစွန်လုံး၊ ကဏန်း၊ ကြဋ္ဌရာသီ အဖန်တလဲလဲပေါ်၍ အသားကိုစားတတ်သည့် အနာပဆုပ်မျိုးလို့ ပြ ထားတယ်ကွ၊ အောက်စဖို့ ဒ်အဘိဓာန်မှာ တော့ (Tumour named from swollen veins like crab's limbs) ရယ်လို့ ပြထားတယ်၊ သွေးကြောများ ကို ကဏန်းလက်မများ နဲ့ ကုတ်ထားသလို ရောင်ကိုင်းနေအောင် ဖြစ် စေတတ်သည့် အိုင်းနာတစ်မျိုးလို့ အဓိပ္ပာယ်ရတယ် မဟုတ်လား၊ အဲဒီ တော့ ကင်ဆာကို ကဏန်းနာလို့ နာမည်ပေးလိုက်မယ်ကွာ”

ဟု ကာကီဘောင်းဘီဝတ်လူကြီးက ပြောလေ၏။

“ဘယ်လိုလဲနာမည်ပေးပေးပေါ့ဗျာ၊ ဒီရောဂါကတော့ ရောဂါပါပဲ၊ နာမည်ပြောင်းလိုက်လို့ လည်း ရောဂါကတော့ သက်သာမှာ မဟုတ်ပါ ဘူး”ဟု ကိုဘချစ်က ပြန်၍ ပြော လိုက်လေ၏။

ထို့နောက် ကိုဘချစ်နှင့် ကာကီဘောင်းဘီဝတ်လူကြီးတို့ သည် ပျော် စရာကောင်းလောက်အောင် အရွှန်းအသောများ ပြောဆိုနေကြလေ၏။

ကိုဘချစ်နှင့် ခုတင်နီးချင်းဖြစ်သူ အဘိုးကြီးဦးကံသာမှာ မူ တချိတ မောင်း ငိုပြီးပြီဖြစ်သဖြင့် ခေတ္တရပ်နားလေ၏။ ထိုအချိန်၌ ဦးကံသာ၏ ဆွေ့သည် များ ထပ်မံရောက်ရှိလာကြလေ၏။ ထိုအထဲတွင် ဦးကံသာ၏ မန်နေဂျာဖြစ်သူ ကိုမောင်ရွှေဆိုသူလည်း ပါ၏။ ၎င်းကိုမောင်ရွှေသည် တောင်မြောက်ဘေးဘီသို့ အကဲခတ်သလို ကြည့်ရှုပြီးနောက်. . .

"ဆရာဦးကံသာရေ မပြောမဖြစ်လို့ ပြောရဦးမယ်၊ ကျွန်တော်တို့ တုံကင်း မော်လမြိုင်အဝင်မှာ သဲသောင်နဲ့ ငြိပြီး စောင်းရာကနေ တစ်ခါတည်း နစ်သွားတာဆိုပဲ၊ အခုပဲ သံကြိုးစာလာတယ်"

ဟု ပြောလိုက်ရာ အဘိုးကြီး ဦးကံသာသည် . . .

"ဟိုက်"

ဟု အာမေဋိတ်သံဖြစ်ပေါ်ပြီးလျှင် ရုတ်တရက် သတိလစ်မေ့မြောသွားလေတော့သတည်း။

*

နောက်တစ်နေ့ နံနက်(၆)နာရီလောက်တွင် မောင်ဘချစ်သည် အိပ်ရာမှ ငေါက်ခနဲထပြီးလျှင် လက်နှစ်ဖက်ကို အညောင်းပြေစေရန် အတွက် ဆန့်တန်းလိုက်ကာ . . . "ဒီကနေ့ ပျော်အောင်နေမယ်၊ နက်ဖြန်ဆိုတာ မရှိဘူး၊ မနေ့ကလည်း ပြီးသွားပြီ"

ဟု အမိပ္ပာယ်ရသည့် အင်္ဂလိပ်ကဗျာကို ကျယ်လောင်စွာရွတ်ဆို လိုက်လေတော့၏။ (Unborn tomorrow and dead yesterday, If today be sweet.) ၎င်း၏ ခုတင်အနီးမှ ဦးကံသာသည် မောင်ဘချစ်အား အထူးအဆန်းသတ္တဝါတစ်ကောင်ကဲ့သို့ ကြည့်ရှုလေ၏။ မောင်ဘချစ်သည် အနည်းငယ်မျှ ဟိုလျှောက်သည် လျှောက် လျှောက်ပြီးလျှင် လုံးပတ်အားဖြ

င့် လက်သန်းလုံးခန့်ရှိ၍ အရှည်အားဖြင့် တစ်ထွာခန့်ရှိ တမာရိုးတံပူဖြင့် သွားတိုက်လေ၏။ ထို့နောက် ငွေဖြင့်ပြုလုပ်ထားသော လျှာခြစ်တံက လေးဖြင့် လျှာခြစ်၏။ ပြီးလျှင် ဆီဖြင့်စိမ်ထားသောဆားကို သွား၌ ပွတ် တိုက်လေ၏။ ထို့နောက်မျက်နှာသစ်ခြင်း၊ ပလုတ်ကျင်းခြင်း ပြုလုပ်လေ ၏။ တအောင့်မျှကြာလျှင် အိမ်သာတက်၏။ အိမ်သာမှ ဆင်းလျှင် ခြေလ က်ဆေး၍ ဘုရားဝတ်ပြုလေ၏။

ဘုရားဝတ်ပြုပြီးလျှင် ဆေးရုံမှ ဂျာဒူး၊ ကုလားလေးအား လက်ဖက် ရည်၊ ဆိတ်ခြေထောက်စွပ်၊ နံပြားနှင့် ကြောင်နက်စီးကရက်ဘူးတစ်ဘူး ဝယ်ခိုင်း လိုက်လေ၏။ ထိုကုလားလေး ပြန်ရောက်လျှင် ဆိတ်သားစွပ်နှ င့် နံပြားကိုစား၍ လက်ဖက်ရည်ကိုသောက်လေ၏။ ပြီးလျှင် ကြောင်န က်စီးကရက်ကို ဟန်ပါပါ နှုတ်ခမ်းဖျား၌ ခဲလျက် ဆေးရုံဝရန်တာမှ နေ ၍ လောကကြီးအား အကျေနပ်ကြီး ကျေနပ်နေသော လူတစ်ယောက်၏ ပုံမျိုးဖြင့် လမ်းသွားလမ်းလာများကို ကြည့်ရှုနေလေတော့၏။

ဦးကံသာမှာ မူ အိပ်ရာမှ နိုးသည့်အခါ၌ တစ်စုံတစ်ခုကို စိုးရိမ်ထိတ် လန့်နေသည့်အလား ပျာပျာလောင်လောင်တုန်တုန်ယင်ယင်ဖြစ်၍ နေ လေ၏။ သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း မလုပ်နိုင်သေးဘဲ ထိုင်၍ ငိုင် နေလေ၏။

ဦးကံသာသည် အိပ်ရာမှ ထသည့် အချိန်မှ စ၍ ထိုနေ့တစ်နေ့လုံးအ ဖို့ စိတ်မချမ်းမြေ့ဖွယ် အကြောင်းအရာများကိုသာလျှင် တွေးတော၍ ငိုင် နေလေ၏။ မောင်ဘချစ်မှာ မူကား ပျော်ပျော်ပါးပါးနှင့်ပင် ထမင်းချိန်၌ ထမင်းစား၏။ အခြားလူနာများ နှင့် သွားရောက်စကားပြော၏။ နေ့ခင်း နေ့လယ်၌ တစ်ရေးတစ်မောဆိုသလို အိပ်လိုက်သေး၏။ အိပ်ရာနိုးသည့် အခါ၌ နေ့လယ်တစ်ချက်ထိုးနေပြီဖြစ်သဖြင့် ဆေးရုံမှ ကုလားကလေး

တစ်ဦးအား လက်ဖက်ရည်ဝယ်ခိုင်းပြီးလျှင် လက်ဖက်ရည်သောက်လေ၏။ ထိုအချိန်၌ ယမန်နေ့က ရောက်ရှိခဲ့သော ကာကီဘောင်းဘီနှင့်လူကြီးသည် ရောက်ရှိ လာပြီးလျှင် မောင်ဘချစ်အား. . .

"ဂွဒ်တူဒေး"

ဟု နှုတ်ဆက် လိုက်လေ၏။

မောင်ဘချစ်က မော့၍ ကြည့်ပြီးလျှင်. . .

"တူဒေး"

ဟု ပြန်၍ နှုတ်ဆက် လိုက်လေ၏။

ထို့နောက် ကာကီဘောင်းဘီနှင့်လူကြီးက ၎င်း၏ စစ်သုံးလွယ်အိတ်ကလေးအတွင်းမှ ပေါက်စီကလေးတစ်လုံးကို ထုတ်၍ လက်ဖြင့်ဖဲ့လိုက်ပြီးလျှင် ပေါက်စီတစ်ခြမ်းကို. . .

"ရော့. "

ဟု ဆိုကာ မောင်ဘချစ်ထံသို့ ထိုး၍ ပေး လိုက်လေ၏။ မောင်ဘချစ်သည် ပေါက်စီတစ်ခြမ်းကို လှမ်း၍ ယူရင်း. . .

"ဆရာသမား၊ လက်ဖက်ရည်ကော ပါသေးသလား"

ဟု မေး လိုက်လေ၏။

" မပါဘူးကွ၊ ဒီအချိန်မှာ မင်းဟာအိပ်ရာကနိုးလို့ လက်ဖက်ရည် ဝယ်ထားနှင့်ပြီးပြီဆိုတာ ငါသိတယ်ကွ၊ ဒါကြောင့် ပေါက်စီပဲ ဝယ်လာခဲ့တာကွ"

ဟု ပြန်၍ ပြော လိုက်လေ၏။

"နေပါဦးဆရာသမားရဲ့ ညေ့သည် တွေ့ချိန်မဟုတ်ဘဲနဲ့ ဒီကိုဘယ်လို

လုပ်ပြီး တက်လာတာတုန်း”

ဟု မောင်ဘချစ်က မေးလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက. . .

“ဧည့်သည် ကိုအချိန်နဲ့ လက်ခံမှန်း ငါသိပါတယ်ကွ၊ ဂိတ်ဝမှာ စောင့်နေတဲ့ လူကလည်း အချိန်မဟုတ်ရင် ဘယ်ဖွင့်ပေးမလဲကွာ”

ဟု ပြန်၍ ပြောလေ၏။

“အဲဒါကြောင့်ပြောတာပေါ့၊ ဆရာသမားဒီကို ဘယ်လိုလုပ်ပြီး တက်လာတာလဲလို့ ”

ဟု မောင်ဘချစ်က ပြန်၍ မေး လိုက်လေ၏။

“ငါ့မှာ တိကတ် (Ticket) ရှိတယ်လေကွာ”

ဟု ကာကီဘောင်းဘီနှင့် လူကြီးကပြန်၍ ပြောလေ၏။

“ဘာတိကတ်လဲဗျ”ဟု မောင်ဘချစ်က မေးလေ၏။

“ဘာတိကတ်ရမလဲကွ၊ အကျင့်ဖျက်တိကတ်ပေါ့”

ဟု ကာကီဘောင်းဘီနှင့်လူကြီးက ပြန်၍ ပြောလေ၏။

“အကျင့်ဖျက်တိကတ်ရယ်လို့ မကြားဖူးပါဘူးဗျာ”

ဟု မောင်ဘချစ်က ပြောလျှင် ကာကီဘောင်းဘီနှင့်လူကြီးက. . .

“ကဲ ...မင်းကို ငါမေးမယ်၊ ဧည့်သည် လာချိန်မှာ လူတစ်ယောက်ကို ဧည့်သည် ဘယ်နှယောက် တွေ့ခွင့်ပြုသလဲ”

ဟု ပြန်၍ မေး လိုက်လေ၏။

“နှစ်ယောက်ပေါ့ဗျ”

ဟု ကိုဘချစ်က ပြန်၍ ပြောလေ၏။

"ဒါပေမဲ့ တကယ်ကတော့ လူနာခုတင်တစ်လုံးမှာ အနည်းဆုံးဧည့်သည့်(၆)ယောက်လောက် ဝိုင်းနေတယ်မဟုတ်လား၊ ဒီတော့ ခွင့်ပြုထားတဲ့ နှစ်ယောက်အပြင်ပိုနေတဲ့ ဧည့်သည် တွေက ဘယ်လက်မှတ်နဲ့ တက်လာသလဲဆိုတော့ စောစောက ငါပြောတဲ့ အကျင့်ဖျက်လက်မှတ်နဲ့ တက်လာတာပေ့ါကွ၊ အဲဒီအကျင့်ဖျက်လက်မှတ်ဟာ နေရာတိုင်းမှာ အသုံးဝင်တယ်"

ဟု ကာကီဘောင်းဘီနှင့်လူကြီးက ပြော လိုက်လေ၏။

"ဂိတ်မှာ စောင့်တဲ့ လူကို ပိုက်ဆံပေးပြီး ဝင်ခဲ့တာပြောတာလား"ဟု ကိုဘချစ်က ပြန်၍ မေး လိုက်လေ၏။

"အေး. . .ဟုတ်တယ်၊ ဂိတ်စောင့်တဲ့ လူရဲ့ အကျင့်စာရိတ္တကို သူကမှ ဖျက်ပစ်နိုင်တာလေကွာ"

ဟု ကာကီဘောင်းဘီနှင့်လူကြီးက ပြော လိုက်လေ၏။

"ဟုတ်တာပေ့ါ ဆရာသမားရယ်၊ ငွေဟာ တော်တော်အစွမ်းထက်တာပဲ၊ မဝင်နဲ့ ဆိုတဲ့ နေရာကိုလည်း သူနဲ့ ရအောင် ဝင်နိုင်တာကိုး"

ဟု ကိုဘချစ်ကပြောလျှင်. . .

"ဒါပေ့ါ ကိုယ့်လူရယ်၊ သရဲက တွေ့ရင်တောင် လန့်ပြီးသေလောက်အောင် အရုပ်ဆိုးတဲ့ လူကိုလည်း ပဲ မိန်းမချောလေးနဲ့ အိမ်ထောင်ကျအောင် သူကလုပ်ပေးနိုင်တယ်၊ အမှုဖြစ်လာရင်လည်း ပဲ ကိုယ့်ကို ထောင်ဒဏ်အမိန့်ချမယ့် တရားသူကြီးရဲ့ လျှာကို သူနဲ့ အပိုင် ဝယ်ထားလို့ ရတယ်၊ သူ့ကို ငါ့အနေနဲ့ တော့ ဒုတိယဘုရားသခင်လို့ တောင် ခေါ်လိုက်ချင်တယ်ကွာ"

ဟု ကာကီဘောင်းဘီနှင့်လူကြီးက ပြော လိုက်လေ၏။

“ကဲပါ ဒါတွေထားလိုက်စမ်းပါဦး၊ အချိန်မဟုတ်ဘဲ ကျုပ်ဆီကို ဘာဖြစ်လို့ အစောကြီးလာတွေ့ရတာလဲ”

ဟု ကိုဘချစ်က မေး လိုက်လေ၏။

“ဒီကနေ့ မင်းရဲ့ ရောဂါအခြေအနေ အတိအကျကို ပြောပြမယ်လို့ ငါ့ကိုဆရာဝန်က မှာ လိုက်တယ်၊ ဘာကြောင့်မှာ လိုက်သလဲ မမေးနဲ့တော့၊ အဲဒီဆရာဝန်ရဲ့ လျှာတစ်ချောင်းကို နှစ်ရာ့ငါးဆယ်နဲ့ ငါဝယ်လိုက်တယ်၊ နားလည်ပြီလား မောင်ဘချစ်၊ ဟေး. . . ဟေး. . .ဟေး”

ဟု ပြောဆိုကာ ကာဘီဘောင်းဘီနှင့် လူကြီးက တဟေးဟေးနှင့် ရယ်နေလေတော့၏။

များ မကြာမီ၌ပင် ကိုဘချစ်၏ ရောဂါကိုတာဝန်ယူကုသရသော ကုလ ၁းဆ ရ ၁၀ န ်ကြ ီးသ ည ် မောင်ဘချစ်အားရိုက်ထားသော ဓာတ်မှန်ကော်ပြားတစ်ခုကို ကိုင်၍ အခန်းတွင်းသို့ ဝင် လာလေတော့၏ ။

ဆရာဝန်ကြီးဝင်လာသည် ကို တွေ့ရသဖြင့် ကာကီဘောင်းဘီနှင့် လူကြီးက လွန်စွာညံ့သော အင်္ဂလိပ်အသံထွက်ဖြင့် လှမ်း၍ နှုတ်ဆက်လိုက်လေ၏။ ၎င်းတို့ အနီးခုတင်ပေါ်၌ ရှိသော ဦးကံသာကလည်း ဆရာဝန်ကြီးဘာများ ပြောမလို့ ပါလဲဟူသော အမူအရာမျိုးနှင့် ဆရာဝန်ကြီး၏ မျက်နှာအား လှမ်း၍ ကြည့်နေလေ၏။ ဆရာဝန်ကြီးသည် မောင်ဘချစ်ဘက်သို့လှည့်ကာ လွန်စွာ လေယူလေသိမ်းကောင်းသော အင်္ဂလိပ်စကားဖြင့်

“ကျွန်တော့်ကို ခွင့်လွှတ်ပါ မစ္စတာဘချစ်၊ ခင်ဗျားမိတ်ဆွေက အပူကပ်လွန်းလို့ ခင်ဗျားရဲ့ ရောဂါအခြေအနေကို ဖွင့်ပြောရပါလိမ့်မယ်၊ စိတ်ခိုင်ခိုင်ထားပြီး နားထောင်ပါ၊ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ဖြ

စ်ပေမယ့် အခုအခါမှာ တော့ စက်ရှင်တရားသူကြီးလို မစ္စတာဘချစ်ရဲ့ သေမိန့်ကို ဖတ်ပြရမယ့် အခြေအနေမှာ ရောက်ရှိနေပါတယ်၊ ဒါကြောင့် ကျွန်တော်ဆုတောင်းပါတယ်၊ မစ္စတာဘချစ်ရဲ့ ရောဂါဟာ အတော်ပဲ အခြေအနေဆိုးပါတယ်၊ ခြောက်လထက်ပိုပြီး မခံတော့ပါဘူးခင်ဗျာ”

ဟု ပြောလိုက်ရာ မောင်ဘချစ်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော ဦးကံသာသည် ယောင်ရမ်း၍ . . .

“အလို . . .ဘုရား ဘုရား၊ ခြောက်လဆိုရင် သေတော့မှာ ပါလား”

ဟု အလန့်တကြား အော်ဟစ်လိုက်မိလေ၏။

အမှန်တကယ် အသေခံရမည့် ကိုဘချစ်နှင့် ၎င်း၏ ဆရာသမားဖြစ်သူ ကာကီဘောင်းဘီနှင့် လူကြီးတို့ သည် ထိုင်နေရာမှ ဖြုန်းခနဲထ၍ လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်နေသောလေသံဖြင့် . . .

“ခြောက်လ . . .”

ဟု ပြိုင်တူ အော်လိုက်ကြသဖြင့် ဆရာဝန်ကြီးပင် လန့်၍ သွားကာ . .
.

“အိုး . . . ဂေါ့ဒ်”

ဟု အော်မိလေတော့၏။

ထို့နောက် ကာကီဘောင်းဘီနှင့်လူကြီးက ကိုဘချစ်အား ထ၍ လက်ဆွဲနှုတ်ဆက်ပြီးလျှင် . . .“Congraculation မောင်ဘချစ်၊ မင်းဟာ မရောက်ဖူးတဲ့ နေရာကို ရောက်ရတော့မယ်၊ တမလွန်နိုင်ငံကိုသွားဖို့ နိုင်ငံကူးဗီဇာလက်မှတ်ရသွားပြီ”ဟု ပြောလိုက်လျှင် မောင်ဘချစ်ကလည်း ...

“ဟုတ်တယ် ဆရာသမား၊ ဖောရိန်း(နိုင်ငံခြား)ကို သွားရရုံနဲ့ လူတွေ

ပျော်ကြတယ်၊ အခု ကျွန်တော်သွားရမယ့်နေရာဟာတကယ့်ဖောရိန်းအစစ်ပေါ့ဗျာ၊ပြီးတော့ ကျွန်တော်ထင်နေတာက ကင်ဆာရောဂါဖြစ်တယ်ဆိုရင်ချက်ချင်းသေတယ် အောက်မေ့နေတာ၊ အခုတော့ ဘယ်ဟုတ်လို့တုန်း၊ ခြောက်လဆိုတဲ့ အချိန်ကြီး နေရဦးမယ် ဆိုပါလား၊ ခြောက်လဆိုတဲ့ အချိန်ဟာ လအားဖြင့်သာ ခြောက်လ၊ ရက်နဲ့ ဆိုရင် ရက်ပေါင်း (၁၈၀)တောင်၊ ဟဲ. . .ဟဲ၊ နာရီနဲ့ ဆိုရင် နာရီပေါင်း (၄၃၂၀)တောင်ရှိတယ်ဗျာ၊ မိနစ်နဲ့ ဆိုရင်. . .”

ဟု ဆိုကာ ခေတ္တရပ်၍ စိတ်တွက်ဖြင့် တွက်ပြီးလျှင် . . .

“မိနစ်ပေါင်း (၂၅၉၂၀၀)မိနစ်ဗျ၊ မိနစ်(၂)သိန်းကျော်တောင်နော်၊ စက္ကန့်နဲ့ ဆိုရင် . . . ”

ဟု ဆိုကာ ခေတ္တရပ်ပြန်၍ စိတ်တွက်ဖြင့်တွက်ပြန်ကာ. . .

“စက္ကန့်ပေါင်း (၁၅၅၅၂၀၀) ရတယ်ဗျ၊ စက္ကန့်ပေါင်း တစ်ကုဋေနဲ့ ခွဲကျော်ကြီးတောင်ရတာကိုး၊ ဟား. . .ဟား. . .ဟား”

ဟု ပြောဆိုရယ်မောလိုက်လျှင် ကုလားဆရာဝန်ကြီးသည် . . .

“ကျုပ်ဆရာဝန်ဖြစ်တာကြာပြီ ခင်ဗျားလို လူနာမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး”

ဟု ဆိုကာ ထွက်သွားလေတော့၏။

ကိုဘချစ်နှင့် ကာကီဘောင်းဘီဝတ်လူကြီးတို့ သည် တဟားဟား တဟေးဟေးနှင့် ဆက်လက်၍ ရယ်မောနေလေ၏။ အနီးမှ ဦးကံသာသည် သေမည့်နေ့ကို အတပ်သိရသဖြင့် အူမြူးလျက်ရှိသော ကိုဘချစ်ဆိုသူနှင့် ကာကီဘောင်းဘီဝတ်လူကြီးကို ကြည့်ကာ. . .

“တယ်လည်း အံ့ဩဖို့ ကောင်းတဲ့ လူတွေပါလား၊ သေရမယ်ဆိုတာ

တောင် ပျော်နေပါလား၊ ငါ့မှာ တော့ သူတို့လို မပျော်နိုင်ဘူး၊ သူတို့ က ဘာသားနဲ့ ထုထားတဲ့ လူတွေလဲ၊ ငါနဲ့ မတူပါလား၊ တကယ့်ကို အံ့ဩဖို့ ကောင်းတဲ့ လူတွေပဲ”

ဟု တစ်ကိုယ်တည်း ပြောဆိုရေရွတ်မိလေတော့သည် ။

ထိုအ ခါ်ိန်၌ လူ တစ်ယောက်သည် ပြူးတူးပျာတာဖြင့် ရောက်ရှိ လာပြီးလျှင် ဦးကံသာအား . . .

“ဆရာဦးကံသာ ၊ ဆရာကတော် လွှတ်လိုက်လို့ လာခဲ့တာပါ”

ဟု ပြောလေ၏။

ဦးကံသာက ထိတ်ထိတ်ပျာပျာ အမူအရာနှင့်

“ဘာတဲ့ တုန်း ဘာတဲ့ တုန်း မောင်လှရဲ့ ၊ မြန်မြန် ပြောစမ်းပါ”ဟု ပြန်၍ မေးလေ၏။ မောင်လှဆိုသူကလည်း

“ဆရာ့သား ရစ်ချတ်ကို မနေ့ညက ပုလိပ်ကဖမ်းလိုက်ပြီ၊ ရီတာဆိုတဲ့ ကောင်မလေးရှိတဲ့ နေရာကို ပုလိပ်ကမေးတာ ရစ်ချတ်က မပြောဘူး၊ အဲဒါနဲ့ တစ်ညလုံးရိုက်စစ်ထားတာ ရစ်ချတ်မျက်နှာဟာ မြင်လို့တောင် မကောင်းဘူး၊ ရောင်ကိုင်းနေတာပဲ၊ မျက်လုံးပေါက်တွေတောင် ပိတ်လို့ ”

ဟု ပြောလိုက်ရာ ဦးကံသာသည် ရင်ဘတ်ကို လက်နှင့်ဖိရင်း. . .

“အလို . . . ဘုရား. . .ဘုရား”

ဟု ရေရွတ်မိလေတော့၏။

ထို့နောက် မောင်လှဆိုသူက. . .

“ပြီးတော့ဒီနေ့မနက်သတင်းစာမှာ မော်လီဲယောက်ျားအဲဖရက်က

မော်လို့ကို ဇနီးမယားအဖြစ်က စွန့်လွှတ်ကြောင်း ကြော်ငြာလိုက်ပြီ”ဟု ပြောလိုက်ရာ ဦးကံသာသည် . . .

“ဒုက္ခပါပဲ”

ဟု ညည်းညူ လိုက်လေ၏။

ထို့နောက် မောင်လှဆိုသူက. . .

“မော်လမြိုင်မှာ နစ်သွားတဲ့ တုံကင်းအတွက်လည်း ဆရာ့ကို တရားစွဲတော့မယ်”

ဟု ပြောလိုက်ရာ ဦးကံသာသည် . . .

“ဒုက္ခ. . .ဒုက္ခ”

ဟု ညည်းညူပြန်သည် ။

ထို့နောက် မောင်လှဆိုသူက. . .

“ခနောင်တိုဂိုဒေါင်ထဲမှာ ထည့်ထားတဲ့ ဆန်တွေလည်း ဆန်ဝါပေါက်ကုန်ပြီလို့ စက်စာရေးက လာပြောတယ်”

ဟု ပြောလိုက်ရာ ဦးကံသာသည် . . .

“ဒုက္ခ. . . ဒုက္ခ. . .ဒုက္ခရောက်ပါပြီ”

ဟု ညည်းညူရင်း မျက်ရည်များ တတွေတွေ စီးကျလာ၏။ မောင်လှဆိုသူကလည်း ဦးကံသာအား ကျေနပ်လောက်အောင် သတင်းဆိုးများ ပြောကြားပြီးနောက်. . .

“ကျွန်တော်ပြန်မယ် ဆရာ”

ဟု ဆိုကာ ဦးကံသာ၏ အင်္ကျီဟောင်း လုံချည်ဟောင်းကလေးအား

လျှော်ဖွပ်ရန်အတွက် သိမ်းကျုံးစုရုံး၍ ယူကာ ထွက်သွားလေတော့၏။

ထိုအခါ ကာကီဘောင်းဘီနှင့် လူကြီးက ကိုဘချစ်ဘက်သို့လှည့်၍ . . .

"ဟော့. .. . မောင်ဘချစ်မင်းဘေးနားမှာ ဒုက္ခကောင်ကြီးရောက်နေပါလား၊ စတွေ့ကတည်းက သူ့ပါးစပ်က ကြားနေရတဲ့ ဒုက္ခ. . .ဒုက္ခဆိုတာ မပြတ်ပါလား၊ ဧကန္တ ဒီလူကြီးဟာ ဒုက္ခပုတီးစိပ်ပြီး ဒုက္ခကမ္မဋ္ဌာန်းပေါက်ပြီး ဒုက္ခရောက်နေတဲ့ လူကြီးပဲ ဖြစ်ရမယ်"

ဟု ပြော လိုက်လေ၏။

"အစစ်ပဲ ဆရာသမား၊ ဒုက္ခတုံး ဒုက္ခခဲကြီးနဲ့ တူပါရဲ့ ဗျာ၊ သနားပါရဲ့ "

ဟု မောင်ဘချစ်က ပြန်၍ ပြော လိုက်လေ၏။

၎င်းတို့ နှစ်ဦးသည် ဦးကံသာအားကြည့်၍ ကရုဏာသက်မိကြလေ၏။ မျှား မကြာမီဥ္ဓပင်လူတစ်ယောက်သည် သုတ်သီးသုတ်ပျာနှင့် ဦးကံသာထံ ရောက်လာပြန်လေ၏။

ထိုလူက ဦးကံသာအား. . .

"ဆရာ ဦးကံသာရေ၊ ဆရာငှားပြီးလည်တဲ့ လှည်းကူးက ဆန်စက်တော့ ဒီကနေ့မနက်မ အရဏ်တက်လောက်မှာ မီးလောင်သွားလေရဲ့ "

ဟု ပြော လိုက်လေ၏။

ဦးကံသာလည်း . . .

"အလိုလေး. . . ဒုက္ခဒုက္ခ ဒုက္ခရောက်ပါပြီ"

ဟု ဆိုကာရှိုက်ကြီးတငင်ငိုကြွေးလေတော့၏။အတော်အချိန်ကြာသ

ည် အထိ ငိုကြွေးပြီးနောက် ဦးကံသာသည် ထိုလူအား. . .

"ဟဲ့မောင်လှရွှေငှါ့ရဲ့ ဇာတာကိုဆရာဦးဖေတင်ဆီမှာ စစ်ခိုင်းထားတာ မပြီးသေးဘူးလား၊ ဘယ်ဂြိုဟ်တွေကများ ဒီလောက်တောင် ငါ့ကိုဖိစီးနှိပ်စက်နေပါလိမ့်"

ဟု ပြောဆိုလိုက်လျှင် ဦးကံသာ၏ မန်နေဂျာမောင်ရွှေဆိုသူလည်း ထွက်ခွာသွားလေ၏။ တစ်နာရီကျော်ကျော်ခန့်ကြာလျှင် ဗေဒင်ဆရာကြီးဦးဖေတင်ကိုပါခေါ်၍ လာလေ၏။

ဦးကံသာကလည်း ဦးဖေတင်အား . ..

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ အခုလို ကိုယ်တိုင်ကိုယ်ကျ လိုက်လာတာဆိုတော့ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး၊ကျွန်တော့်မှာ တော့ဒုက္ခတွေ တစ်ခုပြီးတစ်ခု ကြုံတွေ့နေရပါပြီ၊ ကယ်ပါဦး ဆရာရယ်"

ဟု ပြောလိုက်လျှင် ဗေဒင်ဆရာကြီးက. . ..

"ကျုပ်သိတယ်၊ ကျုပ်သိတယ်၊ ဒါကြောင့် ကျုပ်ကိုယ်တိုင်လိုက်လာခဲ့တာပဲ၊ အိမ်မှာ ယတြာချေပြီးရင်ငွေတစ်ရာလောက်ကန်တော့မယ်လူကိုတောင်နောက်မှ လာခဲ့ဆိုပြီး ဦးကံသာဆီကို လာခဲ့တာပဲ"

ဟု ပြောလိုက်ပြီးလျှင် ဦးကံသာ၏ ဇာတာကို လွယ်အိတ်အတွင်းမှ ထုတ်၍ . ..

"အဟမ်း. . .အဟမ်း"

ဟု ချောင်းဟန့်လိုက်ကာ အောက်ပါလင်္ကာကို ရွတ်ဆို လိုက်လေ၏။

"တေဇောအိမ်အစပါဒ်၊အာပေါဓာတ်နဝမံ၊ယင်းခြောက်ခုမြွေပွေးမှန်၊

သေဘေးဒဏ်ကြုံရတဲ့ . .. အဲဒီတော့ သေဘေးတောင် ကြုံဖို့ ရှိနေတယ်ဗျ”

ဟု ပြောလိုက်ရာ ဦးကံသာသည် စိတ်ပျက်အားလျှော့သော လေသံဖြင့်. . .

“ဒုက္ခ ဒုက္ခ ၊ တော်တော့ကို ကြီးနေပါလားဆရာရယ်”

ဟု ညည်းညူ လိုက်လေ၏။ဗေဒင်ဆရာကြီးသည် ဦးကံသာ၏ မျက်နှာကို အကဲခတ်ကြည့်ရှုလိုက်ပြီးနောက်. ..

“စစ်စလီသုံးပင်တိုင်မှာ လည်း ဇကေရီ ဘာဝီကူးရင်ဖြင့် မာပြီဘူးမှတ်ပါတဲ့ ”

“ကဲ. . .ဦးကံသာရေ၊ တော်တော့ကို ဒုက္ခဖြစ်မယ့်အချိန်ရောက်နေပြီ ”

ဟု ပြောလိုက်ပြန်ရာ ဦးကံသာသည် မျက်နှာငယ်ကလေးဖြင့်. . .

“ဒုက္ခ. . .ဒုက္ခ. .. ဒုက္ခပါပဲ ဆရာရယ်”

ဟု ညည်းညူ လိုက်လေ၏။

ထို့နောက် ဗေဒင်ဆရာကြီးက. . .

“အာယုစန်းနက္ခတ်ဟာလည်း ကဏ္ဍာဒေါသသင့်နေတယ်၊တော်တော် ဒုက္ခပေးမယ့် အခြေအနေမျိုးပဲ၊ ပြီးတော့ လဂ်ခွင့်မှာ ကြွက်ကျစ်မည်းည စ ် လ ို့ ပေပေ၊ ခုနစ်မှာ မြွေခွေမူ၊ သူ့သည်းခြေဖောက်ပြား၊ ရှူးတတ်လှကံကြမ္မာ၊ ဗြို့ဟစ်လာ မှတ်တော့မမှား၊ ဒုက္ခတွေများ လွန်းလို့ ရူးတောင်သွားနိုင်တယ်တဲ့ ဦးကံသာရေ၊ ခင်ဗျားဇာတာမှာ မူလရာဟုကို ကောဇာရာဟု ကလည်း စီးနေတယ်ဗျ၊ အသူရိန်မိုးနတ်တို့ ဆိုးမှတ်

တဲ့ ဗိမာန်၊ ခိုးလျှပ်ချက်ထပ်ပြန်လျှင် လူ့ရပ်ထံပူရေး၊ သိကြားမှာ မတားသာတယ်၊ကဲ. . .ကဲ သိကြားတောင် မတားနိုင်ဘူးတဲ့ ဗျို့၊ ကဲ. .. ဆက်ပြီး နားထောင်လိုက်ဦး၊ ဘုရားတောင် တိမ်းရှောင်ရသေး၊ သခွတ်ပွင့် သူ့ခါ မတုသာဖက်ဝေး၊ တလူ့ရွာခက်ရေးမို့ ပျက်ဆွေးဖို့ တွေ့ကြုံ၊ ဆွေးတကာ လွန်စွာဆုံးတဲ့ ဗျို၊ ခင်ဗျားဇာတာကတော့ အလွန်ကိုညံ့နေပါတယ်ဗျာ” ဟု ပြောလိုက်ရွတ်လိုက်ရာ ဦးကံသာကြီးသည် . . .

“ဒုက္ခ. . .ဒုက္ခ . . . ကယ်ပါဦး ဆရာရယ်၊ ကျွန်တော့်ဒုက္ခကို ကယ်ပါဦး”

ဟု ပြောဆိုကာ ငိုယို၍ ဗေဒင်ဆရာကြီးအား ငွေနှစ်ရာကန်တော့လေ၏။

“ယတြာလေးလည်း ချေပေးပါဦး ဆရာကြီးရယ်”

ဟု တောင်းပန်ရာ. ..

“ရတနာဒီပံဖယောင်းတိုင် ကျုပ်လုပ်လာခဲ့မယ်၊ နောက်ထပ်တစ်ရာ့ငါးဆယ်လောက်ထပ်ပြီး ကန်တော့လိုက်ဦး၊ ကန်တော့လိုက်ဦး”

ဟု ဗေဒင်ဆရာကြီးကပြောသဖြင့်ဦးကံသာက ငွေတစ်ရာ့ငါးဆယ် ထပ်ပြီးကန်တော့ရလေတော့၏။

ထို့နောက်ဗေဒင်ဆရာကြီးလည်း ပျော်တပြုံးပြုံးဖြင့် ပြန်၍ သွားလေ၏။ ထိုအဖြစ်အပျက်ကို မြင်တွေ့နေရသော ကာကီဘောင်းဘီနှင့်လူကြီးက ကိုဘချစ်အား. . .

“ဟေ့ မောင်ဘချစ်၊ ဟိုဒုက္ခသည် ကြီးဆီကို ဒုက္ခပွဲစားဗေဒင်ဆရာက လာပြီး ဒုက္ခလက်နက်နဲ့ ခြိမ်းခြောက်ပြီး ဓားပြတိုက်သွားပြန်ပြီကွ” ဟု ပြော လိုက်လေ၏။

“ဟုတ်ပါရဲ့ ဆရာသမားရယ်၊စိတ်ညစ်နေတဲ့ လူကြီးကို လာပြီးစိတ်ဒုက္ခရောက်အောင် ယူသွားတယ်၊ ဒီဆရာကြီးတော့သေရင် ငရဲပြည်ကို ရောက်မှာ ပဲ”

ဟု ကိုဘချစ်က ပြောလိုက်ရာ ကာကီဘောင်းဘီနှင့်လူကြီးက. . ..

“သေရင်လား၊
အဲဒီဗေဒင်ဆရာကြီးမသာအလောင်းကိုမြေကြီးပေါ်မှာ မှောက်ပေးလိုက်ရုံပဲကွ”

ဟု ပြန်ပြောလေ၏။

“မှောက်ပေးလိုက်တော့ ဘယ်လိုဖြစ်မှာ တုန်း ဆရာသမားရဲ့ ”

ဟု ကိုဘချစ်ကပြန်၍ မေးလိုက်ရာကာကီဘောင်းဘီနှင့်လူကြီးက . . . “မှောက်ပေးလိုက်တော့ သူ့ဘာသာသူ ငရဲပြည်ကိုယက်ပြီးဆင်းသွားလိမ့်မှာ ပေါ့ကွာ၊ ဟေ. . .ဟေ. . ဟေ့ ”

ဟု ပြောဆိုရယ်မော လိုက်လေ၏။

“go went , gone လို့ တောင် အော်ချင်အော်သွားဦးမှာ နော်”

ဟု ကိုဘချစ်က ပြောလိုက်ရာ ကာကီဘောင်းဘီနှင့် လူကြီးက. . .

“အစစ်ပေါ့ကွာ. . .”

ဟု ပြန်၍ ပြော လိုက်လေ၏။

များ မကြာမီ၌ပင် လူတစ်ယောက်သည် ၎င်းတို့ အခန်းသို့ ရောက်ရှိလာလေ၏။ ထို့နောက် ကာကီဘောင်းဘီနှင့်လူကြီးအနီးသို့ကပ်ကာ မောင်ဘချစ်မကြားစေရန်တိုးတိုးပြောလေ၏။ ၎င်းလူကြီးပျာတိပျာ လောင်ဝင်လာသောအမူအရာကို ကြည့်၍ ဦးကံသာလည်း ဘာပါလိမ့်ဟူ

သော မျက်နှာထားဖြင့် နားစွင့်နေမိလေ၏။ထိုလူသည် ကာကီဘောင်းဘီနှင့်လူကြီးအားတိုးတိုး တိုးတိုးနှင့်ပြော၍ နေလေ၏။ ကာကီဘောင်းဘီနှင့် လူကြီးလည်း ထိုလူ၏ စကားကိုနားထောင်ရင်း မျက်နှာသည် တဖြည်းဖြည်း ပြုံး၍ လာလေ၏။

ထို့နောက် တဟေးဟေးနှင့် ရယ်မောကာ. . .

"ဟော့ . . မောင်ဘချစ်"

ဟု ကိုဘချစ်အား လှမ်း၍ ခေါ် လိုက်လေ၏။ ကိုဘချစ်ကလည်း . . .

"ဘာဘဲ ဆရာသမားရဲ့ " ဟု ပြန်၍ မေး လိုက်လေ၏။

"ဟောဒီမှာ ကွ၊အင်းစိန်က မင်းရဲ့ ဆန်စက်နားမှာ နေတဲ့ အလုပ်သမားပဲကွ၊မင်းအိမ်ကို သူရောက်ခဲ့သေးတယ်၊ အဖြစ်အပျက်အကျိုးအကြောင်းပြောဖို့ ပေ့ါ၊မင်းအိမ်ကလူတွေက မင်းကို လာပြီးမပြောရဲကြလို့ မလာတာကွ၊ဒီလူက မင်းဆေးရုံတက်နေတယ်ဆိုတာ သိလို့ စုံစမ်းပြီး လိုက်လာတာ"

ဟု ကာကီရောင်ဘောင်းဘီနှင့်လူကြီး ပြော လိုက်လေ၏။

"ဟုတ်တယ် ဆရာသမားရဲ့ ၊ ကျုပ်ဆေးရုံတက်နေတုန်း ဆေးရုံကိုတစ်ယောက်မှ မလာဖို့ မှာ ထားခဲ့တာ၊ ဆရာသမားတစ်ယောက်ကိုပဲ ဆေးရုံလာခွင့်ပြုထားတာပဲ၊ ဒီလူဘယ်ကနေ ဘယ်လိုရောက်လာတာတုန်း၊ ပြီးတော့ ဘာကိစ္စတဲ့ တုန်း"

ဟု ကိုဘချစ်က မေးလိုက်ရာ ကာကီဘောင်းဘီနှင့်လူကြီးက.. . .

"အင်းစိန်ကမင်းရဲ့ ဆန်စက်က မီးလောင်သွားပြီဆိုပဲ၊ ပြီးတော့ မင်းရဲ့ တုံကင်းတစ်စင်းလည်း မြုပ်သွားတယ်လို့ သူက လာပြောတာ၊ ဟေ . . ဟေ . .ဟော့ . . ဝမ်းသာစရာကြီးပေ့ါကွာ "

ဟု ကာကီရောင်ဘောင်းဘီနှင့်လူကြီးက ပြော လိုက်လေ၏။

ထိုအခါ ကိုဘချစ်ကလည်း . ..

“အစစ်ပေါ့ဗျာ ဆရာသမားရယ်၊ ဆန်စက်လုပ်ငန်းကို ရပ်ပြီး နောက် ထပ်လုပ်ငန်းတွေ လုပ်ရတာပေါ့၊တုံကင်းနစ်သွားတာလည်းကောင်းပါ တ ယ် လေ ၊တုံ က င်းမ ရှိ တေ ့လ ည် း တခြားအလုပ်လုပ်ရတာပေါ့၊ ဒီကမ္ဘာကြီးမှာ တခြားလုပ်စရာအလုပ်တွေအများကြီးပါ၊ပျော်စရာကြီးပဲ ၊ လုပ်ငန်းသစ်တွေလုပ်ရတော့တာပေါ့၊ကဲ...ကဲ...ပျော်ရွှင်တဲ့ အထိမ်းအ မှတ်နဲ့ လက်ဖက်ရည်နောက်ထပ်တစ်ခွက်စီ သောက်ကြဦးစို့”

ဟု ဆိုကာကိုဘချစ်သည် ချိုင့်အတွင်းမှ ကျန်ရှိသောလက်ဖက်ရည် ကို သုံးခွက်စာမျှထည့်ပြီးလျှင်သတင်းလာပေးသူအားလက်ဖက်ရည်တ စ်ခွက်ပေးပြီးနောက် ၎င်းတို့ က တစ်ခွက်စီကိုယူ၍ ချီးယားစ်(ပျော်တယ် )ဟု ဆိုကာကိုဘချစ်နှင့် ကာကီဘောင်းဘီဝတ်လူကြီးတို့ သည် လက်ဖ က်ရည်ခွက်များကိုမြှောက်လျက် မော့ချ လိုက်လေတော့၏။

မနေနိုင်မထိုင်နိုင်သတင်းဆိုးလာ၍ ပေးသောသူလည်း ရောယောင် ၍ ၎င်းလက်ဖက်ရည်ခွက်ကိုမော့ချ လိုက်လေတော့၏။ ထို့နောက်ကိုဘ ချစ်နှင့် ကာကီဘောင်းဘီဝတ်လူကြီးတို့ သည် တဖြောင်းဖြောင်းနှင့်လ က်ခုပ်ပြိုင်တူတီးကြပြီးလျှင်. . .

“ပျော်စရာတွေ ပျော်စရာတွေ၊ လာပြီခင်ဗျ ပျော်စရာတွေ”

ဟု အော်ဟစ်ရယ်မောကြလေတော့၏။ ထိုအဖြစ်အပျက်ကိုကြည့်၍ ဦးကံသာက. . .

“ဘယ်လို လူစားမျိုးတွေပါလိမ့်၊ ကိုယ့်ဆန်စက်မီးလောင်တာ ပျော် နေကြတယ်၊ တယ်လည်း စိတ်အေးချမ်းသာရှိတဲ့ လူတွေပါလား၊ အရူး

တွေ များ လား မပြောတတ်ပါဘူး၊ လူကောင်းတွေမှ ဟုတ်ရဲ့ လား၊ ဒုက္ခ . . .ဒုက္ခ” ဟု အံ့သြညည်းညူ လိုက်လေ၏။

ထိုအချိန်မှာ ပင်ဧည့်သည် များကိုဝင်ရန် ခွင့်ပြုသည့်အချိန်သို့ရောက်လာသဖြင့် ဧည့်သည် များ သည် ဆေးရုံကြီးသို့ တဖွဲဖွဲရောက်ရှိလာကြလေ၏။ ဆန်စက်မီးလောင်ကြောင်း သတင်းလာ၍ ပေးသောသူလည်း မောင်ဘချစ်တို့ နှစ်ဦးပျော်ရွှင်ဝမ်းမြောက်နေပုံကို တွေ့လျှင် အူကြောင်ကြောင်ဖြစ်ကာပြန်၍ သွားလေတော့၏။မောင်ဘချစ်နှင့် ကာကီဘောင်းဘီနှင့်လူကြီးသာလျှင် ပြောဆိုရယ်မောနေလေတော့၏။ ထိုအချိန်၌ ဦးကံသာ၏ ဧည့်သည် များ သည် ဦးကံသာထံသို့ ရောက်ရှိလာကြလေ၏။မောင်ဘချစ်ထံသို့လည်း ဧည့်သည် တစ်ယောက်ရောက်၍ လာလေ၏။ထိုဧည့်သည် က အညိုရောင်စာအိတ်ကလေး တစ်အိတ်ကို ကာကီဘောင်းဘီနှင့်လူအား ပေး လိုက်လေ၏။ ကာကီဘောင်းဘီနှင့် လူကြီးလည်း စာအိတ်ကို ဖောက်၍ ဖတ်လိုက်ပြီးလျှင်. . .

“မောင်ဘချစ်ရေ ပျော်စရာတစ်မျိုး လာပြန်ပြီဟေ့”

ဟု ပြောလိုက်ရာ ကိုဘချစ်က. . .

“ဘာများ တုန်း ဆရာသမားရဲ့ ”

ဟု ပြန်၍ မေး လိုက်လေ၏။

“နိုင်ငံခြားမှာ ဆေးကုခံနေတဲ့ မင်းသားတော့ သေရှာလို့ သံကြိုးလာတာကွ”

ဟု ကာကီဘောင်းဘီနှင့် လူကြီးက ပြော လိုက်လေ၏။

ဦးကံသာလည်း ကိုဘချစ်တို့ ဘက်သို့ နားစွင့်၍ နေ လိုက်လေ၏။ စိတ်တွင်း၌ လည်း . . .

"ဒီလောက်တောင်ပျော်တဲ့ သူတွေဒီတစ်ခါပျော်နိုင်သေးရဲ့ လား"ဟူ၍ လည်း ပြောမိလေ၏။

ကိုဘချစ်က တဖြည်းဖြည်းပြုံး၍ . . .

"ဝမ်းသာစရာပါပဲ ဆရာရယ် . . ."

ဟု ပြောလိုက်ရာ ဦးကံသာသည် လွန်စွာအံ့အားသင့်၍ သွားလေ၏။

မိမိ၏ သား သေဆုံးသည် ကိုပင် ဝမ်းသာစရာပါပဲဟု ပြောနိုင်သည့် ကိုဘချစ်ဆိုသူအား စူးစူးဝါးဝါး ကြည့်ကာ. . .

"ဘယ်လိုလဲဗျာ၊ခင်ဗျားတို့ ဟာတကယ့်ကိုအပူအပင်နည်းတဲ့ လူတွေပါလား၊ ဆရာဝန်ကြီးက ခြောက်လကြာရင် သေမယ်လို့ ပြောတာကိုလည်း ခင်ဗျားတို့ က ဝမ်းမနည်းကြဘူး၊ ဆန်စက်မီးလောင်တယ်လို့ ပြောတော့လည်း ပျော်နေကြတယ်၊ ခုတစ်ခါ သားသေပြီလို့ ပြောတော့လည်း မတုန်မလှုပ်ရှိတဲ့ လူကိုး၊ ဘယ်လိုလူစားမျိုးတွေပါလိမ့်"

ဟု မေးရလေတော့၏။ ထိုအခါ ကာကီဘောင်းဘီနှင့်လူကြီးက. . .

"ဒီလို လူစားမျိုးတွေပေါ့ဗျာ၊ ဒီလိုလူစားဆိုတာ ရှင်းရှင်းပြောရရင် ဒီလိုလူစားပေါ့"

ဟု ပြောလိုက်လျှင် ဦးကံသာက. . .

"ခင်ဗျားကလည်း ဗျာ၊ နောက်တီးနောက်တောက်နဲ့ "

ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြော လိုက်လေ၏။

"နောက်တာ မဟုတ်ဘူး ဗျ၊အကောင်းပြောနေတာ၊ ဒီလိုလူစားဆိုတာကခင်ဗျားနဲ့ ဘာမှ မထူးတဲ့ ရိုးရိုးလူပဲလို့ ပြောတာ၊ ဒါပေမဲ့ခင်ဗျားနဲ့ မတူတဲ့ အချက်တွေတော့ရှိတယ်"ဟု ကာကီဘောင်းဘီနှင့်လူကြီးက

ပြော လိုက်လေ၏။

“ကျုပ်နဲ့ ဘာတွေများ မတူသလဲဗျာ”

ဟု ဦးကံသာကမေး လိုက်လေ၏။ ထို့ကြောင့်ကာကီဘောင်းဘီနှင့်လူကြီးက ဦးကံသာ၏ မျက်နှာကိုကြည့်၍ အောက်ပါအတိုင်းပြော လိုက်လေ၏။

“(တစ်) ခင်ဗျားက အမြဲတမ်းဒုက္ခ ဒုက္ခနဲ့ ညည်းညူနေတယ်၊ ဒုက္ခကို ဖိတ်ခေါ်နေတယ်။ မောင်ဘချစ်ကတော့ ဘယ်တော့မှ မညည်းညူဘူး၊ ဖြစ်ချင်တာဖြစ်လို့ သဘောထားတတ်တယ်။

(နှစ်) ခင်ဗျားက မှိုင်တွေချနေတတ်တယ်၊ မောင်ဘချစ်က ဘယ်လိုအကြောင်းနဲ့ မှ မမှိုင်တတ်ဘူး၊ ဖြစ်ချင်တာဖြစ်လို့ သဘောထားတယ်။

(သုံး) ခင်ဗျားက မရောက်သေးတဲ့ နက်ဖြန်ကို စိတ်ကူးပြီး နက်ဖြန်အတွက် စိုးရိမ်နေတတ်တယ်။မောင်ဘချစ်ကတော့ နက်ဖြန်အကြောင်းကို ဘယ်တော့မှ မစဉ်းစားသလို မရှိတော့တဲ့ မနေ့ကအကြောင်းကိုလည်း မစဉ်းစားတော့ဘူး၊ တကယ်ရှိနေတဲ့ ဒီနေ့ ဒီနာရီ ဒီမိနစ် ဒီစက္ကန့်တွေထဲမှာ ပဲနေထိုင်တယ်၊ ဒီစက္ကန့်နောက်ရောက်လာမယ့် နာရီတွေ မိနစ်တွေ စက္ကန့်တွေအပေါ်မှာ လည်း ဖြစ်ချင်တာဖြစ်လို့ သဘောထားတယ်။

(လေး) ခင်ဗျားက တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီးသောကဖြစ်နေတယ်။ မောင်ဘချစ်ကတော့ ဘယ်လိုသောကကိုမှ ပုံကြီးမချဲ့ဘူး၊ သေးအောင်စဉ်းစားပြီး ဖြေရှင်းပစ်လိုက်တယ်၊ ဒီတော့ ခင်ဗျားနာမည်က ဦးကံသာဆိုပေမယ့်ဘယ်တော့မှ ကံကမသာဘူး။ အမြဲပဲ ကံကချာနေတယ် ၊ မောင်ဘချစ်ကတော့ ဖြစ်ချင်တာဖြစ်လို့ သဘောထားတတ်တဲ့ အတွက် ဖြစ်ချင်တာဖြစ်မောင်ဘချစ်လို့ တောင်အမည်တွင် ခဲ့တယ်ပေါ့ဗျာ၊ဒီ

လိုနေနိုင်လို့ လည်း ကုန်းကောက်စရာမရှိအောင်မွဲတေနေတဲ့ ဘဝကနေ ဖြစ်ချင်တာဖြစ်မောင်ဘချစ်ဟာ ချမ်းသာလာတာပေ့ါ။ချမ်းသာတယ်ဆို တာငွေတစ်ခုတည်းကိုပြောတာ မဟုတ်ဘူး ။ စိတ်ချမ်းသာတာကိုပါ ပြောတာ၊ လောကမှာ ငွေချမ်းသာတဲ့ လူတွေပေါပါတယ်။ သူတို့ ရဲ့ နာမ ည်ကို ရွတ်ပြဆိုရင်တစ်နေကုန်ရွတ်လို့ တောင်မကုန်နိုင်ပါဘူး။ဒါပေမဲ့ စိတ်ချမ်းသာတဲ့ လူတစ်ယောက်နာမည်ကိုပြောပြပါ ဆိုရင်တော့ အ တော့်ကို စဉ်းစဉ်းစားစားပြောပါမှ တစ်ယောက်နှစ်ယောက်လောက်ရှိမှာ ပါ ”

ကာကီဘောင်းဘီနှင့်လူကြီး၏ စကားကို နားထောင်ပြီးနောက် ဦး ကံသာက . . .

“ဟုတ်ပ့ါမလားဗျာ”

ဟု မေး လိုက်လေ၏။

ထိုအခါ၌ ကာကီဘောင်းဘီနှင့် လူကြီးက. . .

“ကဲ. . .ဦးကံသာ၊ခင်ဗျားကို ကျုပ်မေးမယ်၊ခင်ဗျားဟာ သူဌေးတစ် ယောက်ပဲလို့ ကျုပ်ခန့်မှန်းမိပါတယ်။ ဒါပေမဲ့ အခုတော့ တဖြည်းဖြည်း မွဲပြာကျ လာပြီမဟုတ်လား၊ ဒီမှာ . . .ဦးကံသာ၊ ခင်ဗျားရဲ့ မိတ်ဆွေတွေ ထဲမှာ ပိုက်ဆံချမ်းသာတဲ့ လူငါးယောက်ရဲ့ နာမည်ကို ကျုပ်ကို ပြောပြနို င်ပ့ါမလား”ဟု မေးလိုက်ရာ ဦးကံသာက. . .

“ပြောနိုင်ပါတယ်ဗျာ၊ စက်သူဌေး ဦးနီပု၊ ရွှေဆိုင်သူဌေးဘာဘူ၊ သူ ဌေးကြီး ဦးဘဟန်၊ လယ်ပိုင်ရှင် သူဌေးကြီး ဦးမြသီး၊ ပြီးတော့ သူဌေးကြီးဘွဲ့ရသူဌေးကြီးထွန်းလုဗျာ”

ဟု ချက်ချင်းပင် ရွတ်ဆိုပြ လိုက်လေ၏။

ထိုအခါ ကာကီဘောင်းဘီနှင့် လူကြီးက. . .

"ကဲ ဦးကံသာ၊ခင်ဗျားရဲ့ မိတ်ဆွေတွေထဲမှာ စိတ်ချမ်းသာမှုရနေတဲ့ လူတစ်ယောက်ရဲ့ နာမည်ကို ကျုပ်ကိုပြောပြစမ်းပါ"

ဟု ပြောလိုက်လျှင် ဦးကံသာသည် တစ်ကိုယ်တည်းစဉ်းစားပြီးနောက်အောက်ပါအတိုင်း ရေရွတ်နေလေ၏။

"စက်သူဌေးဦးနီပုကလည်း ချမ်းတော့ချမ်းသာပါရဲ့ ၊ ဒါပေမဲ့သူ့သား တစ်ယောက်အတွက်အမြဲတမ်း စိတ်ညစ်နေရရှာတယ်။ရွှေဆိုင်ဘာဘူ ကလည်း တလောက အဂ္ဂိရတ်ဆရာရွှေလိမ်သမားနဲ့ တွေ့လို့ ညည်းလိုက်တာ ချူသံကိုပါနေတာပါပဲ၊ ဦးဘဟန်ကလည်း သူ့ရဲ့ သူရင်းငှားတွေနဲ့ မတည့်လို့ စိတ်ညစ်နေရတယ်၊ အင်း. . .အင်း၊ ဦးထွန်းလှကလည်း သူ့မိန်းမ မော်တော်ကားဒရိုင်ဘာနဲ့ ဖောက်ပြားနေလို့ သူ့မှာ စိတ်ဒုက္ခရောက်နေတယ်၊တစ်ယောက်မှ စိတ်မချမ်းသာကြပါဘူး"

ထိုအခါ၌ ကာကီဘောင်းဘီနှင့်လူကြီးက. . .

"ဒီမှာ ဦးကံသာရဲ့ ၊ သူဌေးတွေထဲမှာ စိတ်ချမ်းသာသူမတွေ့ရင် လူဆင်းရဲတွေထဲမှာ စဉ်းစားပါဦးဗျာ"

ဟု ပြောလိုက်ရာ ဦးကံသာက စဉ်းစားရေရွတ်ပြန်၏။

"စက်ဒရဝမ် မောင်သာလူကလည်း သူ့ညီအတွက် စိတ်ဒုက္ခရောက်နေတယ်၊ ကုမ္ပဏီစာရေး လှအေးကလည်း စာရင်းကိုင်မရလို့ မှိုင်နေတယ်၊ ဒရိုင်ဘာမောင်ငွေကလည်း ကားပျက်လို့ ခဏခဏ စိတ်ညစ်ကြောင်း ပြောတာပဲ၊ လူဆင်းရဲတွေထဲမှာ လည်း မရှိပါလား"

ထိုအခါ ကာကီဘောင်းဘီနှင့်လူကြီးက တဟေးဟေးနှင့် ရယ်မောရင်း. . .

"အဲဒါအဖြေပေါ့ဗျာ၊စိတ်ချမ်းသာခြင်းဆိုတာလွယ်တဲ့ အလုပ် မဟုတ်ဘူး ဆိုတာ သိပြီမဟုတ်လား၊ဆင်းရဲတဲ့ လူလည်း စိတ်ညစ်နေရတယ်၊ချမ်းသာတဲ့ လူလည်း စိတ်ညစ်နေရတယ် မဟုတ်လား"

ဟု ပြော လိုက်လေ၏။

ဦးကံသာကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်းက ကာကီဘောင်းဘီနှင့်လူကြီးအား. .. .

"ခင်ဗျားတို့ နှစ်ယောက်ကတော့ ဘာကြောင့်များ စိတ်ချမ်းသာနေကြတာလဲဗျာ၊ ကျုပ်လည်း စိတ်ချမ်းသာချင်လိုက်တာ"

ဟု လှိုက်လှိုက်လှဲလှဲပင် ပြော လိုက်လေ၏။

ထိုအချိန်၌ ဦးကံသာ၏ ကံသာကုမ္ပဏီမှ စာရေးကလေး မောင်လုအေးရောက်ရှိ လာပြီးလျှင် ဦးကံသာအား. . ..

"ဆရာ. .. ဆရာ၊ ဆရာ့ကို ကြွေးဟောင်းတွေ မဆပ်တဲ့ အတွက် ကြွေးရှင်တွေက လိမ်လည်မှုနဲ့ အမှုဖွင့်ကြပြီဆရာရေ့"

ဟု ပြောလိုက်ရာ ဦးကံသာသည် . ..

"ဒုက္ခပါပဲ၊ ကျုပ်တော့ လူတောတိုးလို့ မရတော့ပါဘူး၊ကျုပ်ကိုလူလိမ်ကြီးဆိုပြီး ကဲ့ရဲ့ ကြတော့မှာ ကျုပ်တော့ ဒုက္ခရောက်ပါပြီ"

ဟု ပြောဆို၍ တုန်တုန်ယင်ယင်နှင့်ခုတင်ပေါ်မှ ဆင်း လာပြီးလျှင်သူရူးပမာ ကာဘီဘောင်းဘီနှင့်လူကြီးအားလည်းကောင်းကိုဘချစ်အားလည်းကောင်းကိုင်တွယ်လှုပ်ယမ်း၍ . . ..

"ကျုပ်ဒုက္ခထက်ကြီးတဲ့ လူ ရှိပါသေးသလားဗျာတို့ "

ဟု ပြောလိုက်ရာ မောင်ဘချစ်နှင့် ကာကီဘောင်းဘီနှင့်လူကြီးတို့

သည်

"ဟား. . . .ဟား . . .ဟား"

ဟူ၍ တဟားဟား တဟေးဟေးနှင့် ဟက်ဟက်ပက်ပက် ရယ်မောကြလေတော့၏။

"ခင်ဗျားတို့ ဘာကိုရယ်ကြတာလဲ၊ ကျုပ်ကို လှောင်တာလား"

ဟု ဦးကံသာက ၎င်းတို့ အား မေး လိုက်လေ၏။

"လှောင်တာမဟုတ်ပါဘူးဦးကံသာရယ်၊ လူတွေရဲ့ သဘောဟာ ကိုယ့်အပူမှ တကယ့်အပူလို့ ထင်နေကြတဲ့ သဘောကိုစဉ်းစားမိလို့ ပါ"ဟု ကိုဘချစ်က ပြောလေ၏။

"ဘာဗျ"ဟု ဦးကံသာက ပြန်၍ မေးလေ၏။

ကိုဘချစ်က စီးကရက်ကို မီးညှိလိုက်ပြီးလျှင်. . .

"လူတွေဟာကိုယ့်အပူမှ တကယ့်အပူလို့ ထင်တတ်ကြတယ်လို့ ပြောတာပါ၊ ကိုယ်နဲ့ နှိုင်းစာလိုက်ရင်ကမ္ဘာလောကကြီးတစ်ခုလုံးဟာသေးသေးကလေးဖြစ်သွားတယ်၊ ကျုပ်ပြောတာ မယုံဘူးလား၊ ကဲ. . ..ကျုပ်ပြောမယ်၊ မကြာသေးမီကပစိဖိတ်သမုဒ္ဒရာထဲမှာ ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းမြုပ်သွားတယ်၊လူပေါင်းတစ်ထောင်ကျော်လောက် သေသွားကြတယ်၊ဒါပေမဲ့ ကျုပ်ဟာ အဲဒီလူတွေအတွက် စိတ်မကောင်းမဖြစ်နိုင်ဘူးဗျ၊ ဘာဖြစ်လို့ လဲဆိုတော့အဲဒီအချိန်မှာ ကျုပ်ဟာခေါင်းကိုက်နေတယ်ဗျ၊ လူတစ်ထောင်လောက်အသက်ဆုံးရှုံးတာဟာ ကျုပ်အဖို့တော့ ကျုပ်ရဲ့ ခေါင်းကိုက်ရောဂါကလေးထက်ပိုပြီး စိတ်ဝင်စားခြင်းမရှိခဲ့ဘူးဗျ၊ ယုံပါဦးကံသာ"

ဟု ကိုဘချစ်ကပြောလိုက်ရာ ဦးကံသာ၏ မျက်နှာသည် အနည်းင

ယ်ဝင်းလက်၍ လာလေ၏။ ထို့နောက် ဦးကံသာကပင်. . .

"ကျုပ်တူကြီး ပြောတာ သဘောဝကျလှသဗျာ"

ဟု လည်း လိုက်လိုက်လှဲလှဲ ပြော လိုက်လေ၏။ ထို့နောက်ဦးကံသာကပင်. . ..

"အဲဒီ သဘာဝရဲ့ လျှို့ဝှက်ချက်ကို မသိခင်တုန်းက ကျွန်တော်လည်း ဒုက္ခရောက်ခဲ့တာပေါ့ဗျာ၊ ဒါပေမဲ့ဒီလျှို့ဝှက်ချက်ကိုသိလည်း သွားရောစိတ်ချမ်းသာမှု ကျွန်တော့်မှာ စိတ်ချမ်းသာမှုရတော့တာပဲ"

ဟု ကိုဘချစ်က ပြောလိုက်ပြန်ရာ ဦးကံသာက

"ဦးလေးလည်း ငါ့တူတို့လို စိတ်ချမ်းသာချင်ပါတယ်၊ တစ်ဆိတ်လောက် ပြောစမ်းပါ"

ဟု တောင်းပန်လေ၏။

ထိုအခါ၌ ကာကီဘောင်းဘီနှင့် လူကြီးက ဦးကံသာအား. . ..

"ခင်ဗျားကံကောင်းတာပေါ့ဗျာ၊အဲဒီလျှို့ဝှက်ချက်ကိုရသွားရင်ကျန်တဲ့ အသက်ပိုင်းမှာ စိတ်ချမ်းသာစွာနဲ့ နေသွားခွင့်ရတော့တာပေါ့"

ဟု ဝင်၍ ပြော လိုက်လေ၏။

"မှန်ပါတယ်"

ဟု ဦးကံသာက ထောက်ခံလိုက်၏။

"ဒါနဲ့ နေပါဦး ဦးကံသာက အသက်ဘယ်လောက်ရှိပြီလဲခင်ဗျ"

ဟု မေး လိုက်လေ၏။

"ဦးလေး အသက် (၃၈)နှစ် ရှိပါပြီ ငါ့တူ"

ဟု ပြော လိုက်လေ၏။

“ဦး. .. ဦးကံသာက ကျွန်တော့်ထက် သုံးနှစ်တောင်ငယ်တာကိုး၊ ကျွန်တော်က (၄၁)နှစ် ပြည့်တော့မယ်”

ဟု ကိုဘချစ်က ပြောလိုက်ရာ ဦးကံသာက. .. .

“သြော်. . .င့ါတူက ဦးလေးထက် သုံးနှစ်တောင် ကြီးတာကိုး”

ဟု ပြော လိုက်လေတော့၏။

ထို့ကြောင့်ကိုဘချစ်နှင့်ကာကီဘောင်းဘီနှင့်လူကြီးတို့ သည် ဦးကံသာ၏ စကားကို သဘောကျလွန်း၍ ဝါးခနဲရယ်ကြလေတော့၏။ ထို့ကြောင့် ဦးကံသာက. . .

“ဘာကိုရယ်ကြပြန်တာလဲ”

ဟု မေးလေ၏။

“ဘာကိုရယ်ရမှာ လဲ ဦးကံသာရဲ့ ၊ ခင်ဗျားပြောတဲ့ စကားက ရယ်စရာကောင်းနေတာကိုး၊ ခင်ဗျားပဲပြန်စဉ်းစားကြည့်စမ်းပါဦး၊ဘာတဲ့ . . . င့ါတူကဦးလေးထက် သုံးနှစ်တောင်ကြီးနေတာကိုး ဆိုတာဟာရယ်စရာမကောင်းဘူးလားဗျာ၊မတော်တဆဖြစ်သွားတဲ့ ဟာသကောင်းကလေးတစ်ခုပေါ့ဗျာ၊ ဟေး. . ဟေး. . .ဟော့”

ဟု ကာကီဘောင်းဘီနှင့်လူကြီးကရှင်းပြလိုက်မှ ပင်ဦးကံသာလည်း ၎င်း၏ ကိုးရိုးကားရားနိုင်လှသော စကားကို ၎င်းဘာသာ သဘောကျ၍ . . ..

“ဟား. . .ဟား . . . ဟား တော်တော် ကိုးရိုးကားရားနိုင်တဲ့ စကားပဲဗျ”

ဟု အားရပါးရ ရယ်မောပြောဆိုလေ၏။

ထိုသို့ အားပါးတရ ရယ်မောလိုက်ရသဖြင့် ဦးကံသာ၏ စိတ်များ သည် ပေ့ါပါးလန်းဆန်း၍ လာလေတော့၏။ ထိုသို့စိတ်လက်ပေ့ါပါးသွား သောအရသာကို ခံစားလိုက်ရသော ဦးကံသာက. . ..

“ကျုပ်ဟာ အခုလို ဟက်ဟက်ပက်ပက် မရယ်ရတာကြာပြီဗျ၊ ခင်ဗျားတို့ ကျေးဇူးကြောင့် ရယ်လိုက်ရတာ စိတ်ထဲမှာ ပေ့ါပါးသွားသ လိုပဲ”

ဝမ်းပန်းတသာ ပြောလေ၏။

“ဓာတ်ကူးတယ်ဆိုတာ မျိုးပေ့ါဗျာ”

ဟု ကာကီဘောင်းဘီနှင့်လူကြီးက ပြောလေ၏။

ဦးကံသာသည် ကိုဘချစ်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီးနောက် . . .

“ဟောဒီမိတ်ဆွေကြီး ကိုဘချစ်ကဖြင့် ကျုပ်ထက်တောင်သုံးနှစ်ကြီး ပါသေးရဲ့ ဒါပေမဲ့တကယ့်ကို လူငယ်ကလေးကျနေတာပဲ၊ကျုပ်မှာ တော့ အိုစာလိုက်တာဗျာ၊ပြီးတော့ ကျုပ်ကိုမြင်တဲ့ လူတိုင်းဟာ အသက်(၆၀) (၇၀)လောက်ရှိပြီပဲ အောက်မေ့နေကြတယ်၊ မိတ်ဆွေကြီးဆီက ရုပ်ပျိုကို ယ်နုဆေးကလေးများ ရရင် ကောင်းမယ်ဗျာ”ဟု ပြောလိုက်ရာ. . .

“ကျုပ်လည်း ပဲ ဟောဒီဆရာကြီးရဲ့ ကျေးဇူးကြောင့်ပေ့ါဗျာ၊ နို့မဟု တ်ရင်လား၊ ရုပ်မပျို၊ ကိုယ်မနုတဲ့ အပြင်သေလို့ အရိုးတောင်ဆွေးနေ လောက်ပြီ၊ဟောဒီကျုပ်ဆရာကြီးကိုလွန်ခဲ့တဲ့ အနှစ်(၂၀)လောက်က ဟောဒီဆေးရုံကြီး၊ တိတိကျကျပြောရရင် ဟောဟိုဝရန်တာက ခုတင်မှာ ကျုပ်ဟာသေလုမြောပါးဖြစ်နေတုန်းသူနဲ့ တွေ့ခဲ့တာပေ့ါ၊အဲဒီ

ကတည်းကသူဟာကျုပ်ကို ကိုယ်စောင့်နတ်လိုလိုက်ပြီးစောင့်ရှောက်ခဲ့တယ်၊လူ့လောကကြီးမှာ ပျော်ပျော်ပါးပါး ကျေကျေနပ်နပ်ကြီး နေထိုင်ဖို့နည်းကောင်းလမ်းကောင်းတွေကိုပေးခဲ့တယ်၊ဒါကြောင့်
ကျုပ်ဟာခင်ဗျားမြင်တဲ့ အတိုင်းပဲ သောကမရှိဘဲနေနိုင်တယ်၊ စိုးရိမ်ပူပန်မှုမရှိဘဲ နေနိုင်တယ်၊ တစ်နည်းပြောရရင် စိတ်ချမ်းသာစွာ နေနိုင်တယ်ပေါ့ဗျာ"

ဟု ပြောလိုက်ရာ. . .

"ကျုပ်ကိုလည်း အဲဒီလို သောကမရှိအောင် နေတဲ့ နည်းကလေးများ ပေးကြစမ်းပါဦးဗျာ"

ဟု ဦးကံသာက ပြော လိုက်လေ၏။

ထိုအခါ၌ ကာကီဘောင်းဘီနှင့်လူကြီးက. . .

"ဒီနည်းကိုမောင်ဘချစ်ဟာလွယ်လွယ်ကူကူရခဲ့တာ မဟုတ်ဘူး ဗျ၊ ဘယ်လောက်ခက်ခက်ခဲခဲကြိုးစားပြီးမှ ရခဲ့တယ်ဆိုတာခင်ဗျားသိရရင် သူ့ကိုသိပ်လေးစားသွားလိမ့်မယ်၊ ကဲ. . .မောင်ဘချစ်ရေ၊ မင်းလည်း ပဲ နောက်ခြောက်လဆိုရင် လူ့ဘဝကိုစွန့်လွှတ်ရတော့မှာ ပဲ၊ ဟောဒီဒုက္ခသည် ကြီးကိုမင်းရထားတဲ့ နည်းကလေးဒါနပြုခဲ့ပေါ့ကွာ"ဟု ပြောလိုက်ရာ ကိုဘချစ်က. . .

"ကျုပ်လည်း အဲဒါကိုစဉ်းစားမိပါရဲ့ ဆရာသမားရယ်၊ဒါပေမဲ့ဘဲဥအစရှာမရသလိုပဲ၊ ဘယ်ကအစပျိုးရမလဲဆိုတာကို မသိဘဲဖြစ်နေတယ်"

ဟု ပြန်၍ ပြောလေ၏။

"အေးဟုတ်တယ် တစ်ခုစီ ပြောပြနေလို့ တော့ ပြည့်စုံမှာ မဟုတ်ဘူးကွ၊ ကိုသံသာအနေနဲ့ လည်း အင်မတန်ပဲနားရှုပ်သွားလိမ့်မယ်၊ပြီးတော့

နည်းတွေကိုချည်းပဲသက်သက်လျှောက်ပြီးပြောရင် မှတ်မိဖို့ လည်း မလွယ်ဘူး၊အဲဒီတော့ဒီလိုလုပ်ကွာ၊ မင်းအနေနဲ့ ဒုက္ခသုက္ခရောက်ပြီး လက်ထိတ်တန်းလန်းကြီးနဲ့ ဆေးရုံတက်ရတာကစပြီးအခုအချိန်ထိကိုမင်းတွေ့ခဲ့သမျှ၊ ကြုံခဲ့သမျှ၊ ဖြစ်ခဲ့သမျှတွေကို ဟောဒီ ကိုကံသာကို ပုံပြောသလို ပြောပြလိုက်ပေတော့၊မကောင်းဘူးလား”

ဟု ဦးငွမ်တီက ပြောလိုက်ရာ မောင်ဘချစ်က တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်း မပြုမီ၌ပင် ဦးကံသာက. . .

“ကောင်းတယ်ကောင်းတယ်၊အဲဒီလိုပြောမှ ပိုပြီးမှတ်မိမှာ ကျုပ်ကဉာဏ်နည်းနည်းထိုင်းတယ်ဗျ၊ လုပ်စမ်းပါ ငါ့တူရယ်၊ အဲ. . .အဲ. . .ယောင်လို့ ကိုဘချစ်ရယ်. .၊ ကြားစမ်းပါရစေဗျာ”

ဟု ပြော လိုက်လေ၏။

ထိုအခါ၌ မောင်ဘချစ်သည် ၎င်းတွေ့ကြုံခဲ့ရသောအဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပြောပြလေတော့၏။ ဦးကံသာကြီးကပါးစပ်အဟောင်းသားနှင့်နားထောင်၍ နေလေ၏။ ကာကီဘောင်းဘီနှင့်လူကြီးကမူ. . ..

“ဟုတ်သကွာ . . .၊ မောင်ဘချစ် မှတ်မိသကွာ တော်သကွာ”

ဟု အနီးမှ တတွတ်တွတ် အားပေးချီးမွမ်းလေတော့၏။

*

၎င်းမောင်ဘချစ်ပြောပြသောအကြောင်းအရာများ ၌ များ စွာအတုယူဖွယ်ကောင်းသော အချက်အလက်များ လည်း ပါ၏။လွန်စွာစက်ဆုပ်ဖွယ်ကောင်းသော အဖြစ်အပျက်များ လည်း ပါ၏။ ရင်နင့်လွမ်းဆွတ်ဖွယ်ရာများ လည်း ပါ၏။တရှုပ်ရှုပ်နှင့်တစ်ကိုယ်တည်းကျိတ်၍ ငိုကြွေးချ

င်လောက်အောင်ကြေကွဲဖွယ်ရာများ လည်း ပါ၏။ကြက်သီးထဖွယ်၊ သည်းခြေပျက်ဖွယ်များ လည်း ပါ၏။ထိုသောကတို့ ကိုဖြေဖျောက်စေနိုင်သည့် အဖြေကျော့်ဆေးနည်းကောင်းများ လည်း ပါ၏။ဤသည် ပင်ကျွန်ုပ်၏ အတုယူဖွယ်၊မှတ်သားဖွယ်၊ ရှောင်ကြဉ်ဖွယ်၊ မြတ်နိုးဖွယ်၊ သိမ်းဆည်းထားဖွယ်ကောင်းသော "ဖြစ်ချင်ရာဖြစ် မောင်ဘချစ်" ဟူသော ဝတ္ထုကြီးတစ်ပုဒ်ဖြစ်၍ လာလေတော့သတည်း။

**မင်းသိခ်**

**စာရေးသူ**

*

## မောင်ဘချစ်နှင့် သတို့ သားလောင်း

တစ်နေ့သ၌ ရန်ကုန်ဆေးရုံကြီး၏ အထူးလူနာများ ထားသောအဆောင်သို့ လူငယ်တစ်ဦးအားလက်တွန်းကုလားထိုင်ကလေးဖြင့်တွန်း၍ လာကြလေ၏။ ထိုလူငယ်ကလေး၏ပတ်ပတ်လည်၌ လည်းဆရာဝန်ကြီးများ ၊အပြာဝတ်၊အစိမ်းဝတ်၊အနီဝတ်၊ ပန်းရောင်ဝတ် သူနာပြုဆရာမများ နှင့်မင်္ဂလာဆောင်သို့သွားမည့်ပမာ ဝတ်ကောင်းစားလှများ ဝတ်ထားသည့် မိန်းမကြီးများ ၊ စိန်ဆံထိုး၊ စိန်လည်တုံ၊ စိန်ဘယက်၊ စိန်လက်ကောက်၊ စိန်လက်စွပ် စသည် တို့ ကို အပြိုင်အဆိုင်ဝတ်ဆင်ထားသည့် စိန်မမ၊ စိန်အန်တီဟု ခေါ်လောက်သော သက်လတ်ပိုင်းအရွယ် မိန်းမများ ၊ရင်ဖုံးအင်္ကျီတဖားဖား၊ပန်းနုရောင်ခေါင်းပေါင်းတကားကားနှင့် လူကြီးလူကောင်းများ သည် တောရွာ၌ ရှင်လောင်းလှည့်သကဲ့သို့ လိုက်ပါခဲ့ကြလေ၏။

ထိုလူကားKSMဘွဲ့ရသူဌေးကြီးဦးဘဦး၊သူဌေးကတော်ဒေါ်လှထူးတို့၏ တစ်ဦးတည်းသောသားမောင်ကံသာဆိုသူဖြစ်ပေသည် ။၎င်းမောင်ကံသာအား ခွဲစိတ်ကုသခံရန်အတွက်ဆရာဝန်ကြီးများ နှင့်ညှိနှိုင်းတိုင်ပင်၍ ဆေးရုံသို့လာရောက်တင်ကြခြင်းဖြစ်ပေသည် ။၎င်းမောင်ကံသာသည် များ မကြာမီအချိန်၌ပင်အတွင်းဝန်ကြီးဦးလှသော်၊အတွင်းဝန်ကတော်ဒေါ်မြစိန်တို့ ၏ သမီးသုံးယောက်အနက်အထွေးဆုံးသမီးဖြစ်သူကွန်ဗင့်ကျောင်းသူဂျင်နီလှသော်ဆိုသောမိန်းကလေးနှင့်နှစ်ဦးနှစ်ဖက်မိဘများ သဘောတူလက်ထပ်မည့်သတို့ သားလောင်းဖြစ်ပေသည် ။၎င်း

မောင်ကံသာအား သီးသန့်အခန်းကလေးတစ်ခန်းအတွင်းသို့ ခေါ်ယူသွားလေ၏။

ထိုအခန်းကလေးအတွင်း၌ ကား လူနာခုတင်အသစ်တစ်လုံးနှင့်မွေ့ ရာ၊အိပ်ရာခင်း၊ ခြင်ထောင်၊စောင်အသစ်များ ခင်းကျင်းထားလေ၏။ခု တင်၏ ခေါင်းရင်းဘက်တွင် ကား ကြောင်အိမ်အဖြူတစ်လုံး ထားရှိလေ ၏။မောင်ကံသာအားခုတင်ပေါ်သို့တင်မည်အလုပ်တွင် စိန်ထည်လက်ဝ တ်လက်စားများကို မြင်၍ မကောင်းအောင် ဝတ်ဆင်ထားသော မိန်းမကြီးတစ်ဦးက မောင်ကံသာအား ပွေ့နေသော ဆေးရုံအလုပ်သမား ကုလားများ ဘက်သို့လှည့်၍ . . .

"ဟဲ့. . .ဟဲ့. . . ဟဲ့နေကြပါဦးကိုရွှေကုလားတို့ ရဲ့ ၊ ဆေးရုံက မွေ့ရာ တွေ ခြင်ထောင်တွေနဲ့ သိပ်လို့ ဘယ်ဖြစ်မှာ တုန်း၊ ဟဲ့. . .ရွှေမိ၊ ကားထဲမှာ မွေ့ရာတွေ ခြင်ထောင်တွေ ယူလာတယ်လေ၊ အဲဒါတွေ သွား ယူပြီး မြန်မြန်ခင်းစမ်း"

ဟု ပြောလိုက်သဖြင့်ဆေးရုံအလုပ်သမားကုလားများမှာ လည်း မော င်ကံသာအား ခုတင်ပေါ်သို့မချရဘဲပွေ့၍ သာထားရလေ၏။များ မကြာ မီ၌ပင်ရွှေမိဟု ခေါ်သော အိမ်ဖော်မိန်းမကခြင်ထောင်နှင့်စောင်ထုပ်ကြီး ကိုခေါင်း၌ ရွက်၍ လည်းကောင်း၊ရွှေမိ၏ ယောကျ်ားဖြစ်သူ ဒရိုင်ဘာ မောင်ကျော်စိုးကမွေ့ရာလိပ်ကြီးကိုထမ်း၍ လည်းကောင်း ရောက်ရှိလာကြပြီးလျှင်ဆေးရုံခုတင်ပေါ်မှ ဆေးရုံမွေ့ရာ၊ ဆေးရုံအိပ်ရာ ခင်းများကို ဖယ်ရှား၍ ၎င်းတို့ အိမ်မှ ယူလာသောပစ္စည်းများကိုခင်းကျ င်းကြလေတော့၏။ထို့နောက်တွင် ကား မောင်ကံသာအားပွေ့၍ ထားကြသောဆေးရုံကုလားများ သည် မောင်ကံသာအားခုတင်ပေါ်သို့ အသာအယာတင်ကြလေ၏။

ထိုအချိန်၌ ကား မောင်ကံသာရှိရာ သီးသန့်အခန်းကလေးမှ လှမ်း၍ မြင်နိုင်လောက်သော ဝရန်တာတွင် လူနာသံခုတင်အဟောင်းတစ်လုံးနှင့်အုန်းဆံမွေ့ရာအစုတ်တစ်ခုကို ဖြစ်သလိုခင်းထားသည့်နေရာသို့ အသက်(၂၀)အရွယ်ခန့်ရှိ လူနာတစ်ဦးသည် တစ်စုံတစ်ရာသော ဝေဒနာကို အပြင်းအထန်ခံစားရင်းရောက်ရှိ လာလေ၏။ထိုလူငယ်သည် ခုတင်ပေါ်၌ စောင်းစောင်းကလေးခွေ၍ တဟင်းဟင်းနှင့် ညည်းညူနေရှာလေ၏။ သူနာပြုဆရာမတစ်ဦးသည် ထိုလူငယ်အနီးသို့ရောက်ရှိ လာပြီးလျှင်ကတ်ပြားကလေးတစ်ချပ်ကိုဖောင်တိန်နှင့် အဆင်သင့်ကိုင်၍ ဝေဒနာခံစားနေရသော လူငယ်အား. . ..

"နာမည်"ဟု ပြော လိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊တော်တော့်ကိုနာပါတယ်၊အသက်ရှူလို့ ကို မရပါဘူးခင်ဗျာ၊ ဗိုက်ထဲက ထိုးထိုးပြီးအောင့်ပါတယ်"

ဟု လူငယ်က မျက်နှာကို ရှုံ့မဲ့ရင်း ပြန်၍ ဖြေလေ၏။

"ဒုက္ခပါပဲ"ဟု သူနာပြုဆရာမက ညည်း လိုက်လေ၏။

"တကယ့်ကို ဒုက္ခကြီးတဲ့ သူပါ ခင်ဗျာ"

ဟု လူငယ်က ရှုံ့မဲ့ရင်းပြောလေ၏။

"ရှင့်နာမည်ဘယ်လိုခေါ်သလဲ"

ဟု သူနာပြုဆရာမက ခပ်ငေါ့ငေါ့ မေး လိုက်လေ၏။

"မောင်ဘချစ်လို့ ခေါ်ပါတယ်"

ဟု လူငယ်က ပြန်၍ ဖြေလျှင် သူနာပြုဆရာမက

"အသက်ကော" ဟု မေးလေ၏။

“အသက်အကြောင်းတော့ မပြောပါရစေနဲ့ ခင်ဗျာ”

ဟု လူငယ်ကစိတ်ပျက်အားငယ်သော လေသံဖြင့် ပြန်၍ ပြောလေ၏ ။

“ရှင်မပြောချင်လို့ မရဘူး၊ ဒါဆေးရုံ၊ မေးတာ ပြောရမယ်၊ကျွေးတာ စားရမယ်၊ တိုက်တာသောက်ရမယ်”

ဟု သူနာပြုဆရာမက မာကြွပ်ကြွပ်လေသံဖြင့် ပြန်၍ ပြောလေ၏။

“ဒီလိုဆိုတော့လည်း ပြောပါ့မယ်ခင်ဗျာ၊ ကျွန်တော် သူ့ကို သိပ်ပြီးစိတ်နာတယ်”

ဟု လူငယ်က ပြောလိုက်လျှင် သူနာပြုဆရာမက . .

“ဘယ်သူ့ကို စိတ်နာတာတုန်း” ဟု မေးလေ၏။

“အသက်ကိုပါ”

“အသက်ကိုဟုတ်လား”

“ဟုတ်ပါတယ် အသက်ကိုပါ”

“အသက်ကို စိတ်နာရင် ဘာဖြစ်လို့ ဆေးရုံတက်သေးတုန်း၊ သေအောင်နေလိုက်ပါလား”

ဟု ဆရာမက မဲ့၍ ပြော လိုက်လေ၏။

“သေလိုက်ချင်တာပေါ့ ခင်ဗျာ၊ ကျွန်တော့်ထက်သေဖို့ ကောင်းတဲ့ သူ ဘယ်မှာ ရှိပါ့မတုန်း”

ဟု လူငယ်က စိတ်ပျက်အားလျော့သော လေသံဖြင့် ပြော လိုက်လေ၏။

"တိုးတိုးပြောစမ်းပါ၊ရှင့်တစ်ယောက်တည်းအလုပ်ရှိတာ မဟုတ်ဘူး
"

ဟု ပြောလိုက်လျှင် မောင်ဘချစ်ဟု ခေါ်သော လူငယ်က. . .

"တိုတိုပြောရရင် ကျုပ်ကိုပစ်ပြီး လင်ငယ်နဲ့ ပါသွားပြီ"

ဟု တုံးတိတိ ဖြေလိုက်ရာ သူနာပြုဆရာမက လူငယ်အားမျက်လုံးပြူး၍ ကြည့်ပြီးလျှင်. .

"ရှင်ဘာတွေပြောနေတာလဲ. ."

ဟု မေး လိုက်လေ၏။

လူငယ်လည်း အားကျမခံ. . .

"ဆရာမက ဘာကို မေးတာတုန်း"

ဟု ပြန်၍ မေး လိုက်လေ၏။

"ရှင့်အသက်ကို မေးနေတာ၊ ရှင်ဘာတွေလျှောက်ပြီးပြောနေတာတုန်း" ဟု ပြန်၍ ပြောလေ၏။

"ကန်တော့ပဲဆရာမရေ၊ကန်တော့ . . .ကန်တော့၊ကျုပ်က ကျုပ်မိန်းမ အသက်အကြောင်း မေးတယ်အောက်မေ့လို့ ပါ"

ဟု လူငယ်က ပြန်၍ ပြောလေ၏။

ထိုအခါ ဆရာမက. . .

"ရှင့်ကို နေရာမှားပြီး ပို့လိုက်တယ်ထင်တယ်၊ စိတ်ရောဂါကုဆေးရုံ ပို့ရမယ့်လူနာတွေကို ဒီဝပ်(ဒ်)ကို မှားပြီးပို့ကြတာကိုး"

ဟု သူနာပြုဆရာမက ပြော လိုက်လေ၏။

"အမှန်ပါပဲ ဆရာမရယ်၊ စိတ်ရောဂါကု ဆေးရုံကို ပို့လိုက်ရင် ပိုပြီး ကောင်းပါတယ်"ဟု လူငယ်က ပြော လိုက်လေ၏။

"ကဲပါ. . ရှင့်အသက်ဘယ်လောက်ရှိပြီလဲ၊ မြန်မြန်ပြောစမ်းပါ" ဟု သူနာပြုဆရာမက ခပ်မာမာ အော်ဟစ် လိုက်လေ၏။

"အသက် (၂၂) နှစ်ရှိပါပြီဆရာမ"

ဟု လူငယ်က ပြန်၍ ဖြေလေ၏။ ထို့နောက် သူနာပြုဆရာမက . . .

"ပြန်ပြီး ဖတ်ပြမယ်"

ဟု ပြော၍ အောက်ပါအတိုင်း ဖတ်ပြလေ၏။

"နာမည် - မောင်ဘချစ်"

"အသက် - ၂၂ နှစ်"

"လူမျိုး - မြန်မာ"

"အဘအမည် - ဦးမြကောင်း"

"ဘာသာ - ဗုဒ္ဓဘာသာ"

လူငယ်က ငြိမ်၍ နားထောင်နေလေ၏။ ထိုအခါ သူနာပြုဆရာမက. . .

"ဟုတ်တယ်နော်" ဟု မေးရာ လူငယ်က. . .

"ဟုတ်ပါတယ် ဆရာမရယ်"

ဟု ပြန်၍ ဖြေလျှင် ဆရာမလည်း လူငယ်အနီးမှ ထွက်ခွာသွားလေတော့၏။ လူငယ်မှာ မူ ဝမ်းဗိုက်အတွင်းမှ ထိုးအောင့်နာကျင်လှသောဝေဒနာကြောင့် ၎င်း၏ မျက်နှာပေါ်တွင် ဆီးကင်းခန့်အရွယ် ချွေးသီးချွေး

ပေါက်များ ယိုစိမ့်၍ ထွက်နေလေတော့၏။

*

ထိုအချိန်၌ ကား အထူးခန်းအတွင်း၌ မောင်ကံသာ၏ အနီး၌ ဆရာဝန်ကြီးများ လည်း ရှိနေသေး၏။သူနာပြုဆရာမရောင်စုံလည်း ရှိနေကြသေး၏။စိန်မမ၊စိန်အန်တီနှင့် ခေါင်းပေါင်းစတလူလူများ လည်း ရှိနေကြသေး၏။ လူနာဖြစ်သူ မောင်ကံသာအားလည်း အမျိုးမျိုးအဖုံဖုံ အားပေးစကားပြောဆိုနေကြလေ၏။နောက်ထပ်လည်း ဧည့်သည် များ ရောက်ရှိ လာပြီးလျှင် လူနာမောင်ကံသာအတွက်ဟောလစ်၊ ကော်ဖီ၊ မိုင်လိုဘူးများ ၊ ဂိုးလ်ဒင်းပတ်ပုံးများ ၊ ကိတ်မုန့်များ ၊ ပန်းသီးနှင့် စပျစ်သီးများ စသည့်လက်ဆောင်ပစ္စည်းများကို ခုတင်ခေါင်းရင်းရှိ ကြောင်အိမ်အဖြူကလေးပေါ်သို့ သွားရောက်တင်ပေးထားကြကုန်၏။

မိန်းမကြီးတစ်ဦးကမူ. . .

“ဟောဒါလေးလည်း ဆောင်ထားမောင်ကံသာရေ၊ အန်တီတို့ ဆရာတော်ပေးထားတဲ့ စိပ်ပုတီးလေး အန္တရာယ်ကင်းတယ်ကွဲ့”

ဟု ဆိုကာ သုံးဆယ့်နှစ်လုံးပါသော စိပ်ပုတီးလေးတစ်ကုံးကို မောင်ကံသာ၏ လက်တွင်းသို့ သွား၍ ထည့်လေ၏။

အခြားသော မိန်းမကြီးတစ်ဦးကလည်း . . .

“မောင်ကံသာရေ။မင်းအန်ကယ်ယစ်မျိုးဝန်ထောက်ဘဝတုန်းက သူ့တပည့်တစ်ယောက်က ကန်တော့ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ သင်္ကန်းစကလေးကွယ့်၊ခေါင်းအုံးထဲမှာ ထည့်ထားပေတော့”ဟု ဆိုကာ သင်္ကန်းစကလေးတစ်စကို ပေးလေ၏။

အချုပ်အားဖြင့် ဆိုရပါမူ မောင်ကံသာ၏ အခန်းကလေး၌ လူစည်

ကားလျက်ရှိပေ၏။ ဝေလမင်းသားကိုယ်တိုင်ဆေးရုံတက်လျှင်ပင် ထို့ထက်ပို၍ စည်ကားနိုင်တော့မည်မဟုတ်ပေ။ ခွဲစိတ်ဆရာဝန်ကြီးကလည်း မောင်ကံသာ၏ မိဘနှင့်ယောက္ခမလောင်းများကို ၎င်းကိုယ်တိုင်ကြပ်မတ်ခွဲစိတ်ပေးမည်ဖြစ်၍ မည်သို့မျှစိုးရိမ်စရာမရှိကြောင်းအင်္ဂလိပ်ဘာသာဖြင့် ရဲဝံ့စွာအာမခံနေလေ၏။

ထိုအချိန်တွင် သူနာပြုဆရာမများ စုဝေးရာအခန်းကားသူနာပြုဆရာမတို့ သည် လူနာမောင်ကံသာ၏ အကြောင်းကို အမျိုးမျိုးဝေဖန်ပြောဆိုနေကြ၏။ သူနာပြုဆရာမတစ်ဦးက အခြားသူနာပြုဆရာမတစ်ဦးအား. . .

"ဟေးspecial room ထဲကိုရောက်နေတဲ့ ပေးရှင့်က ဘာကေ့စ်လဲ" ဟု မေးလေ၏။ အမေးခံရသော သူနာပြုဆရာမတစ်ဦးက. . . .

"အိုင်လည်း မသိဘူး မေရီရယ်"

ဟု ပြန်၍ ပြောလျှင် သူနာပြုဆရာမ မေရီက

"ယူက သိပ်အတာပဲ အဲဒီလိုအလို့ ဒေါက်တာမဆွန်းနားကို လက်လွတ်သွားတာပေ့ါ၊ နို့မိုရင်ခုလောက်ဆို ဒေါက်တာကတော်ကြီး ဖြစ်နေပြီ" ဟု ပြော လိုက်လေသည် ။

"မေရီကလည်း သိပ်ခက်တာပဲ၊ အိုင်မသိလို့ မသိဘူးပြောတဲ့ ဟာ၊ ဘာတွေလျှောက်ပြောမှန်းမသိပါဘူး"

ဟု အမေးခံရသော သူနာပြုဆရာမလေးက ပြန်၍ ပြော လိုက်လေ၏။ ထိုအချိန်၌ပင် ဆရာဝန်တစ်ယောက် ရောက်ရှိ လာပြီးလျှင် ၎င်း၏ ဂျူတီကုတ်(ခေါ်) အပေါ်အင်္ကျီကိုချွတ်၍ တိုင်၌ ချိတ် လိုက်လေ၏။ ထိုအခါ မေရီဟူသော သူနာပြုဆရာမက. . .

“ဒေါက်တာ့ကိုပဲ မေးရမှာ ပဲ ဒေါက်တာ၊ ဒေါက်တာ special room ကေ့စ်က ဘာကေ့စ်လဲ ဒေါက်တာ၊ တော်တော်တော့ အရေးကြီးပုံရတယ်၊ စစ်စတာကြီးတွေရော၊ မေထရွန်ကြီးတွေရော ဆရာဝန်ကြီးတွေရော အကုန်လုံး အဲဒီအခန်းထဲမှာ ချည်းပဲ”

ဟု ပြောလိုက်ရာ ဂျူတီကုတ်ကို လာ၍ ချွတ်သော ဆရာဝန်၏ မျက်နှာသည် စပ်ဖြဲဖြဲဖြစ်၍ သွားလေ၏။

“ပြောပါဆိုမှ ဒေါက်တာကလည်း ပြုံးစိစိနဲ့ ”

ဟု မေရီက ပြော လိုက်လေ၏။

“ငါမပြောချင်ဘူး၊ နင်တို့ စစ်စတာကြီးလာမှ မေးကြည့်ပေတော့”

ဟု ဆရာဝန်က ပြန်၍ ပြော လိုက်လေ၏။

“အဲဒီ ဘီလူးမကြီးကို မမေးချင်ပါဘူး၊ သူ့ကို ဘီလူးဈေးပဲ ပို့လိုက်ချင်တယ်”

ဟု သူနာပြုဆရာမမေရီက ပြော လိုက်လေ၏။

ထိုအခါ၌ အခြားသော သူနာပြုဆရာမလေးတစ်ဦးက. . .

“ဒေါက်တာရယ် ပြောစမ်းပါ၊ အဲဒါကို မသိရရင် မေရီက ညကိုအိပ်လို့ ပျော်မှာ မဟုတ်ဘူး ၊ သိပ်ပြီးစပ်စုတဲ့ မိန်းမ”ဟု ဝင်၍ ပြောသဖြင့် ဆရာဝန်က. .. .

“ဒီလိုဟေ့ . . .ရွှေပန်းသားရေဖြတ်မလို့ ၊ ဖြတ်မလို့ ၊ ဘာဖြစ်လို့ ဖြတ်မှာ လဲ မေးဦးမလား၊ မမေးနဲ့ တော့ မဖြတ်ရင်မဖြစ်လို့ ဆေးရုံအုပ်ကြီးနဲ့ တိုင်ပင်ပြီးလာဖြတ်တာဟေ့”

ဟု ပြောလိုက်သောအခါ၌ သူနာပြုဆရာမများ သည် ဝါးခနဲ ရယ်

မော လိုက်လေတော့၏။

သူနာပြုဆရာမတစ်ဦးကမူ. . .

“သက်သက်အလုပ်ပို. . .”ဟု ပြော လိုက်လေ၏။

*

ထိုအချိန်၌ ဝရန်တာမှ မျက်နှာငယ်လှသော လူနာမောင်ဘချစ်မှာ မူဝမ်းဗိုက်အတွင်းမှ နာကျင်လှသောဝေဒနာကြောင့်အော်ဟစ်ညည်းညူနေလေ၏။ရေငတ်လွန်းသဖြင့် အနီးရှိရေပုလင်းမှ ရေအနည်းငယ်ကို ငုံ၍ သောက်သော်လည်း ဝမ်းဗိုက်ကလက်မခံသဖြင့် ဝေါခနဲပြန်၍ အန်ထုတ်ပစ် လိုက်လေ၏။

လူနာမောင်ဘချစ်သည် ဤသို့လျှင်ဝေဒနာကိုအလူးအလဲခံ၍ နေရစဉ်၌ပင် ရာဇဝတ်အုပ်တစ်ယောက်နှင့်ပုလိပ်တစ်ယောက်သည် ဆရာဝန်တစ်ယောက်နှင့်အတူ မောင်ဘချစ်အနီးသို့ ရောက်၍ လာကြလေ၏။ ဆရာဝန်က ရာဇဝတ်အုပ်အား. . .

“စောစောကပဲ ဆေးရုံကိုရောက်လာတဲ့ မောင်ဘချစ်ဆိုတာ သူပါပဲ” ဟု ပြော လိုက်လေ၏။

ရာဇဝတ်အုပ်လည်း မောင်ဘချစ်၏ ဝေဒနာခံစားနေရပုံကိုကြည့်ပြီးလျှင် ၎င်း၏ ပုလိပ်ဘက်သို့ လှည့်ကာ. . .

“မင်းစောင့်ရလိမ့်မယ်၊ သူ့အမှုက စောင့်မှ ဖြစ်မယ့်အမှုကွ၊ ဖမ်းဝရမ်းထုတ်ပြီးပြီ၊ သူ့ကို ဂါတ်တဲခေါ်သွားလို့ လည်း မဖြစ်သေးဘူး” ဟု ပြောလိုက်ရာ ပုလိပ်က

“စောင့်တာကတော့ နေ့တစ်ယောက် ညတစ်ယောက်ထားပေးမှ ဖြစ်မယ်ဆရာ” ဟု ပြောလေ၏။

“ မဟုတ်ဘူး ဆရာ၊ ညကကျွန်တော်ကင်းကျတာ အခုကင်းကထွက်လာတာ၊ ကျွန်တော်စောင့်လို့ မဖြစ်ဘူး၊ အိပ်ငိုက်နေပြီ၊ ဂါတ်ထဲက တစ်ယောက်ကိုစောင့်ဖို့ လွှတ်ပေးပါ” ဟု ပုလိပ်က ပြန်၍ ပြောလေ၏။

“အေးလေ၊ အခုမင်းစောင့်နေဦးမှ ပေ့ါငါလွှတ်လိုက်မယ်”ဟု ရာဇဝတ်အုပ်က ပြန်ပြောလေ၏။

“ မဟုတ်ဘူး ဆရာ၊ကျွန်တော်လည်း ပြန်မှ ဖြစ်မယ်၊တစ်ညလုံးစောင့်ထားရတာ”ဟု ပုလိပ်ကပြန်၍ ပြောလေ၏။

“မင်းပြန်သွားလို့ ဖြစ်မလားကွ၊တရားခံထွက်ပြေးရင်ငါပါအလုပ်ပြုတ်တော့မှာ ပေ့ါ၊ မင်းတို့ ပြောလိုက်ရင် ဒီလိုချည်းပဲ” ဟု ရာဇဝတ်အုပ်က သူ၏ ပုလိပ်ကို ငေါက် လိုက်လေ၏။

ထိုအခါ ပုလိပ်က. . .

“ဒီလိုလုပ်ထားရင် ရပါတယ် ဆရာရယ်”

ဟု ဆိုကာဒင်း၏ ခါးတွင် တွဲလောင်းချိတ်လျက်ပါလာသော လက်ထိတ်ကွင်းတစ်ဖက်နှင့် မောင်ဘချစ်၏ လက်တစ်ဖက်ကို လက်ထိတ်ခတ်လိုက်ပြီးလျှင် ကျန်သော လက်ထိတ်ကွင်းကိုမူ ခုတင်၏ ခေါင်းရင်းဘက်မှ သံတန်းဖြင့် ခတ် လိုက်လေ၏။

မောင်ဘချစ်မှာ မူ ဝေဒနာခံစား၍ နေရစဉ် ယခုကဲ့သို့ လက်ထိတ်ခတ်ခြင်း ခံရသဖြင့် ဝမ်းနည်းကာ မျက်ရည်များကျ၍ လာလေတော့၏။

ဆရာဝန်သည် ထိုအဖြစ်ကိုကြည့်ကာစိတ်မချမ်းမြေ့စွာနှင့်လှည့်၍ ထွက်သွားလေတော့သည် ။

မောင်ဘချစ်ကမူ. . .

“ရာဇဝတ်အုပ်မင်းရယ်၊ကျွန်တော်ထွက်မပြေးပါဘူးခင်ဗျာ၊လက်ထိတ်တော့ မခတ်ကြပါနဲ့ ”

ဟု ငိုယို၍ တောင်းပန်လေသော်လည်း ရာဇဝတ်အုပ်နှင့် ၎င်း၏ ပုလိပ်တို့ သည် “ဝတ္တရားသည် ဝတ္တရား”ဟူသည့်ဆောင်ပုဒ်ကိုဦးခေါင်း၌သံမှိုနှက်ထားသကဲ့သို့စွဲ၍ နေကြသူများ ဖြစ်ရာကြင်နာမှုအရိပ်အယောင်ကိုမျှဖော်ပြခြင်းမပြုဘဲ ထွက်သွားကြလေတော့၏။ မောင်ဘချစ်မူကား ငို၍ ကျန်ရစ်ခဲ့လေတော့၏။

*

အထူးလူနာခန်းမှ မောင်ကံသာအတွက်မူကား၎င်း၏ ယောက္ခမလောင်းဖြစ်သူ အတွင်းဝန်ကတော် ဒေါ်မြစိန်က ဆေးရုံဆရာမများ နှင့် မကျေနပ်သေး၍ မောင်ကံသာအား စောင့်ကြပ်၍ ပြုစုရန်အတွက်စပါယ်ရှယ်နာ့စ်(ခေါ်) နေ့တွက်ပေး၍ ငှားရမ်းရသော သူနာပြုနှစ်ဦးကို နေ့တစ်လှည့်ညတစ်လှည့် စောင့်ကြပ်ရန် ငှားရမ်းနေလေ၏။

စပါယ်ရှယ်နာ့စ်များ ရောက်လာသည့်အခါမှ ပင်မောင်ကံသာ၏ မိဘများ ယောက္ခမလောင်းများ နှင့်ဧည့်သည် များ သည် မောင်ကံသာအားနှုတ်ဆက်ကာ ပြန်၍ သွားကြလေတော့၏။

တစ်ကြိမ်တစ်ခါမှ ဆေးရုံမတက်ဖူးသောမောင်ကံသာသည် အားငယ်စွာနှင့် ကျန်ရစ်ခဲ့လေတော့၏။ ၎င်းအား စောင့်ကြပ်ရသောစပါယ်ရှယ်နာ့စ်အမျိုးသမီးလေးသည် ခုတင်ခြေရင်းရှိခွေးခြေပေါ်တွင် ထိုင်၍ သိုးမွေးဆွယ်တာ တစ်ထည်ထိုး၍ နေလေ၏။ မောင်ကံသာမှာ မူ နိုင်ငံခြားမဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ကောက်ယူကြည့်ရင်း ထိုစာအုပ်တွင် ပါသည့် ဒရက်ကူလာ(ခေါ်) အင်္ဂလိပ်ဘိုင်စကုတ်ကြော်ငြာတစ်ခုကို ဖတ်မိလေတော့၏။

မောင်ကံသာသည် ၎င်းဒရက်ကူလာရုပ်ရှင်ကြော်ငြာကို ဖတ်ပြီးလျှင် လွန်စွာစိတ်အားငယ်၍ သွားလေတော့၏။ ထို့ကြောင့် စာအုပ်ကို ဆတ်ခနဲပိတ်၍ စပါယ်ရှယ်နာ့စ်ဘက်သို့ လှည့်ကာ. . .

"ဆရာမ"ဟု အလန့်တကြား ခေါ် လိုက်လေ၏။

ဆရာမကလည်း သိုးမွေးထိုးနေရာမှ လန့်၍ သွားပြီးလျှင် မောင်ကံသာအား ပြုံးဝိုင်းသော မျက်လုံးဖြင့် ကြည့်၍ . . .

"ဘာလဲ. . .ဘာလဲ"ဟု မေးလေ၏

"ဆေးရုံမှာ သရဲရှိတယ်ဆိုတာ တကယ်ပဲလား"

ဟု မောင်ကံသာက မေးလိုက်ရာ ဆရာမက

"အိုး . . .တောက်တီးတောက်တဲ့ ရှင်ဘယ်ကလာ သရဲရှိရမှာ လဲ၊ ကျွန်မတို့ ဆိုရင် ညကြီးသန်းခေါင် မော်ကျူရီ(ရင်ခွဲရုံ) ကိုတစ်ယောက်တည်းသွားနေတာပဲ၊ ဘာသရဲမှ မရှိပါဘူး"

ဟု ပြောလိုက်မှ ပင်မောင်ကံသာလည်း ဟင်းခနဲ သက်ပြင်းကိုချ၍ . . .

"မသိပါဘူးဆရာမရယ်၊ ကျွန်တော်က အဲဒီလိုကြားဖူးလို့ ပါ၊ပြီးတော့ ဟောဒီစာအုပ်ထဲမှာ ကလည်း ဒရက်ကူလာဆိုတဲ့ သရဲဘိုင်စကုတ်အကြောင်းကြော်ငြာပါလာတာကို ဖတ်မိလိုက်တော့၊ဟဲ.... ဟဲ..နည်းနည်းတော့ လန့်သွားတယ်ဗျ" ဟု ပြော လိုက်လေတော့သတည်း။

မှတ်ချက်။။။ ဒရက်ကူလာဆိုသည့်ထိတ်လန့်ဖွယ်ရာ ရုပ်ရှင်ကားမှာ စစ်ပြီးခေတ်တွင် ခရစ်စတိုဖာလီးဆိုသော မင်းသားနှင့်ပြန်လည်ရိုက်ကူးခဲ့ပါသည် ။ ထိုရုပ်ရှင်ကားသည် မြန်မာပြည်သို့လည်း ရောက်ရှိလာသည် ဖြစ်ရာ လူကြိုက်များ လျက် ကျွန်ုပ်၏ စာဖတ်မိတ်ဆွေလည်း ကြည့်ဖူးမည်ထင်ပါသည် ။ထိုရုပ်ရှင်ဇာတ်ကားမှာ မောင်ကံသာတို့ ဆေးရုံတက်ခဲ့သော စစ်မဖြစ်ခင်ကာလကလည်း မြန်မာပြည်သို့ရောက်ရှိလာခဲ့ဖူးပါသည် ။

မင်းသားမှာ ဗီလာလူကိုစီဖြစ်ပါသည် ။ စစ်မဖြစ်မီက ထိုရုပ်ရှင်ကြော်ငြာကလေး တစ်စောင် ကျွန်ုပ်ထံ၌ ရှိနေပါသည် ။ မိတ်ဆွေများ မြင်ဖူးတွေ့ဖူးစေလိုသောစေတနာဖြင့် ဖော်ပြလိုက်ပါသည် ။

စာရေးသူ

*

## ဒုက္ခကိုစာရင်းလုပ်သော မောင်ဘချစ်

ဆေးရုံတက်ပြီးနှစ်ရက်အကြာတွင် သတို့ သားလောင်းမောင်ကံသာသည် ဆေးရုံမှ ဆင်း၍ သွားလေတော့၏။ ဆေးရုံမှ ဆင်းသည့်အခါ၌လည်း မောင်ကံသာအား ထီးမိုးသူကမိုး၏။ ဘာမှ မဖြစ်ပါဘဲလျက် တွဲသူကတွဲ၏။မောင်ကံသာ၏ ဘေးပတ်လည်မှ လည်း လူကြီးလူကောင်းတို့ သည် ဝိုင်းအုံ၍ လိုက်ပါလာကြ၏။ မောင်ကံသာ၏ နောက်မှ လည်း စိန်မမ၊ စိန်အန်တီတို့ သည် လည်း ရှင်လောင်းလှည့်ပမာ တသီတတန်းကြီး လိုက်ပါလာခဲ့ကြ၏။

ထိုမြင်ကွင်းကို မြင်တွေ့ရသော သူအပေါင်းက အံ့သြကြကုန်၏။ မောင်ကံသာ၏ ဘဝကံကိုအားကျကြကုန်၏။အချို့ကလည်း မဲ့ရွဲ့ကြကုန်၏။ မဲ့ရွဲ့ရုံမျှမက“ ပိုက်ဆံချမ်းသာတဲ့ သူများတော်တော်ကိုအဖြစ်သည်းကြတယ်”ဟု လည်း အပြစ်တင်ကြကုန်၏။

ထိုအချိန်၌ အူအတက်ပေါက်သောကြောင့် ဝမ်းဗိုက်ကို အခွဲခံထားရသော မောင်ဘချစ်ဆိုသည့် လူနာမှာ မူ သံခုတင်ထက်တွင် တဟင်းဟင်း တဟဲဟဲနှင့် ညည်းညူ၍ သာ နေရရှာလေ၏။၎င်း၏ အနီး၌ လည်း ပြုစုမည့်သူဟူ၍ တစ်စုံတစ်ယောက်မျှမရှိပေ။ ၎င်း၏ လက်တစ်ဖက်ကို မူ ပုလိပ်တို့ က သံခုတင်ဖြင့် ပူး၍ လက်ထိတ်ခတ်ထားလေ၏။

မောင်ဘချစ်သည် ၎င်း၏ အဖြစ်ဆိုးပုံကိုကြည့်ကာမျက်ရည်များ တတွေတွေစီးကျ လာလေတော့၏။ ထိုအချိန်၌ ၎င်းအနီးရှိခုတင်သို့ရောက်

ရှိလာသော လူနာတစ်ဦးက မောင်ဘချစ်အားကြည့်ရှု၍ အောက်ပါအတိုင်း ပြော လိုက်လေ၏။

“ဒီမှာ ကိုယ့်လူ ငိုမနေနဲ့

everything is for the best

(ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ) ”

ဟု တရုတ်သံဝဲသော အင်္ဂလိပ်စကားဖြင့် ပြော လိုက်လေ၏။

ထိုအခါ၌ လူနာမောင်ဘချစ်က. . .

“ကျုပ်မှာ တော့ ဖြစ်သမျှအကြောင်းက အဆိုးချည်းပဲ ဖြစ်နေပါတယ်ဗျာ”ဟု ငိုမဲ့မဲ့နှင့် ပြန်၍ ပြောလိုက်ရာ ထိုလူက. . . .

“သဘောမပေါက်သေးလို့ ပါ၊လောကကြီးရဲ့ အဖြစ်သနစ်တွေကို သဘောမပေါက်သေးလို့ ပါ၊တကယ်သဘောပေါက်လာရင် ငိုပါဆိုလို့ တောင် ငိုမှာ မဟုတ်တော့ဘူး၊ ”ဟု ပြန်ပြောလေ၏။

မောင်ဘချစ်သည် မိမိ၏ ကြီးမားသောဒုက္ခကို ကိုယ်ချင်းစာနာမှုမရှိဘဲ သဘာဝမကျသော အားပေးခြင်းဖြင့်အားပေးလျက်ရှိသောတရုတ်သံဝဲဝဲနှင့် ခုတင်နီးချင်းအား စားတော့ဝါးတော့မည်ကဲ့သို့ စူးစူးဝါးဝါး ပြန်၍ ကြည့် လိုက်လေ၏။

ထိုသို့မကျေနပ်သော မျက်နှာထားမျိုးဖြင့် မိမိအားကြည့်လိုက်သည်ကို အကင်းပါးလှသော ထိုသူက ကောင်းစွာရိပ်မိလေ၏။

ထို့ကြောင့်တစ်ချက်မျှ ပြုံးလိုက်ပြီးလျှင်. . .

“မကျေနပ်ရင်ဒေါသ၊ကျေနပ်ရင်လောဘတဲ့ ၊ဟဲ . . .ဟဲ။ အခု မင်းငါပြောတဲ့ စကားကိုမကျေနပ်တော့ဒေါသဖြစ် လာပြီ၊ဒါဟာမဆန်းပါ

ဘူး၊ဒေါသဖြစ်တာလည်းကောင်းပါတယ်၊ ဒေါသဟာကိုယ့်လူရဲ့ အားငယ်စိတ်ကိုတော့ ခေတ္တဖျောက်ပေးနိုင်တယ်မဟုတ်လား”

ဟု ထိုလူက တရတ်သံဝဲဝဲနှင့်ပြောပြန်လေ၏။

မောင်ဘချစ်က ထိုသူအားကြည့်ပြန်၏။

ထို့နောက်. . .

“ခင်ဗျားကဘယ်သူလဲ၊ဘာဖြစ်လို့ ကျုပ်ကိုစိတ်ညစ်အောင်လုပ်နေတာလဲ၊ကျုပ်ဟာဒုက္ခသည် တစ်ယောက်ပါ”ဟု ပြောပြန်၏။

“ငါက ဘယ်သူလဲ ဟုတ်လား၊ငါဘယ်သူဖြစ်တယ်ဆိုတာက အရေးမကြီးပါဘူးကွ၊ ဒါပေမဲ့မင်းကသိချင်လေတော့ငါ့နာမည်တော့ ပြောထားရမှာ ပေါ့ကွာ၊ ငါ့နာမည်က ဂွမ်တီတဲ့ ကွ၊ လူမျိုးကတရုတ်ကပြားပေါ့ကွာ၊အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကတော့ပန်းရန်ဆရာတစ်ယောက်ပါပဲ၊အခုဆေးရုံကိုရောက်လာတာကတော့လမ်းမှာ အဖျားတက်ပြီး သတိမေ့လဲနေတာကို အမြင်မတော်တဲ့ လူတွေက ဆေးရုံတင်လိုက်ကြလို့ရောက်လာတာပဲ၊ ငါရောက်လာတာဟာ မင်းအတွက် ကံကောင်းတာပေါ့ကွာ”

ဟု ဦးဂွမ်တီဆိုသူက ပြော လိုက်လေ၏။

ထိုအခါမောင်ဘချစ်က. . . .

“ခင်ဗျား ဆေးရုံတက်တာနဲ့ ကျုပ်က ဘာဖြစ်လို့ကံကောင်းရမှာ လဲ ”ဟု ပြန်၍ မေး လိုက်လေ၏။

“အဲဒါပြောချင်တာပဲ၊ မင်းကိုခွဲစိတ်ခန်းကထုတ်လာတုန်းကမင်းဟာ သတိမရသေးဘူး၊ မင်းလက်မှာ လည်း လက်ထိတ်တန်းလန်းကြီးနဲ့ ဆိုတော့ မင်းကိုမြင်မြင်ချင်းပဲ. . .”

ဟု ဆိုကာ ဦးဂွမ်တီဆိုတဲ့ တရုတ်ကပြားကြီးက စကားကိုရပ်၍ ထား လိုက်လေ၏။

"မြင်မြင်ချင်း ဘာဖြစ်သလဲဗျ"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒီသတ္တဝါကတော့ ငါကယ်မှ ချမ်းသာမယ့်သတ္တဝါပဲလို့ တွေးမိလိုက်တယ်"ဟု ဦးဂွမ်တီက ပြော လိုက်လေ၏။

"ကျုပ်မှာ က ဒုက္ခတွေသောင်းခြောက်ထောင်တွေ့နေရတာ၊ခင်ဗျား က ဘယ်လိုကူညီနိုင်မှာ လဲ"

ဟု မောင်ဘချစ်က မေးလေ၏။

"ဒုက္ခက သောင်းခြောက်ထောင်ပဲ ရှိသေးတာကွာ၊သောင်းခုနစ်ထောင်မှ မဖြစ်သေးတာ၊ ဟဲ . ..ဟဲ"

ဟု ဦးဂွမ်တီက ရယ်မောလေ၏။

"ခင်ဗျားလိုပန်းရန်ဆရာတစ်ယောက်ကကျုပ်ရဲ့ ဒုက္ခတွေကို ဖြေရှင်းပေးနိုင်တယ်ဟုတ်လား"

ဟု မောင်ဘချစ်က အားမလိုအားမရလေသံဖြင့် ပြန်၍ မေးလိုက်ပြန်လေ၏။

"အေး. . .ဟုတ်တယ်၊မင်းရဲ့ ဒုက္ခတွေကိုကူညီဖြေရှင်းပေးနိုင်တယ်ကွ၊ဘယ်လိုဖြေရှင်းပေးမလဲသိရဲ့ လား"

ဟု ဦးဂွမ်တီက ပြန်၍ မေး လိုက်လေ၏။

"ဟင့်အင်း. . .မသိဘူး၊ ပြီးတော့ ယုံလည်း မယုံဘူး"

ဟု မောင်ဘချစ်က ပြန်၍ ပြော လိုက်လေ၏။

“ဒုက္ခတွေကိုဆီပြန်ချက်ပြီးစားရမယ်ကွ၊ဖြစ်နိုင်ရင်ဒုက္ခတွေကိုညှီစော်မနံအောင် မဆလာကောင်းကောင်း နဲ့ နယ်ပြီးမှ ချက်ရမယ်၊ ဒုက္ခဆီပြန်ဟင်းစားဖူးရင်တစ်ခါတည်းနဲ့ လျှာလည်သွားမယ်၊နောက်ဆိုရင်ဒုက္ခဟင်းကလေးစားချင်လို့ ဒုက္ခ မရှိရင် တောင် လိုက်ပြီးရှာနေဦးမယ်”ဟု ပြန်၍ ပြောလေ၏။

“ဒီမှာ ပေါက်ဖော်ကြီး၊ခင်ဗျားဟာရူးနေတာတော့မဟုတ်ပါဘူးနော်”ဟု မောင်ဘချစ်က ပြန်၍ မေးလေ၏။

“ဟား. . .ဟား. . .ပေါက်ဖော်ကြီးတဲ့ ၊ ပေါက်ဖော်ဆိုတာ ဆွေမျိုးကိုခေါ်တာကွ၊ မြိန်ရာဟင်းကောင်းခင်ရာဆွေမျိုးမဟုတ်လားကွာ၊ငါ့ကိုဆွေမျိုးတစ်ယောက်လို သဘောထားနိုင်ပါတယ်။ဟဲ. . .ဟဲ၊မင်းကိုပြောလိုက်ဦးမယ်၊ငါဟာ ရူးနေတဲ့ သူမဟုတ်ပါဘူးကွ၊ မင်းကသာဒုက္ခတွေကိုကြောက်ပြီးသွေးပျက်နေတဲ့ ဒုက္ခရူးတစ်ယောက်ပါကိုယ့်လူရ”ဟု ဦးဂွမ်တီက ပြန်၍ ပြောလေ၏။

“ဒါပေမဲ့ ပေါက်ဖော်ကြီးပြောတဲ့ စကားတွေက အရူးတစ်ယောက်ရဲ့ စကားမျိုးပဲ၊ ဘာတဲ့ . .. ဒုက္ခကို မဆလာနဲ့ နယ်ပြီး ဆီပြန်ချက်စားမယ်ဆိုတာလေ”

ဟု မောင်ဘချစ်ကပြောလိုက်ရာ ဦးဂွမ်တီကတဟားဟားနှင့်ဟက်ဟက်ပက်ပက် ရယ်မော လိုက်လေ၏။ထိုသို့ရယ်မောသည့်အခါ၌ ဦးဂွမ်တီ၏ မျက်လုံးပေါက်များ သည် သေးသေးကျဉ်းကျဉ်းကလေးဖြစ်၍ သွားလေ၏။ ဦးဂွမ်တီ၏ မျက်နှာသည် လည်း တစ်မျိုးတစ်ဖုံ ခင်မင်စရာကောင်း၍ နေလေ၏။

ဦးဂွမ်တီသည် ဟက်ဟက်ပက်ပက် ရယ်မောပြီးနောက်. . .

“ဒုက္ခဆီပြန်ဟင်းကိုမစားဖူးသေးတော့မယုံဘူးပေါ့ကွာ၊ငါကတော့ အဲဒီဟင်းကို ကိုယ်တိုင်လည်း ချက်ပြီးစားတယ်၊သူများကိုလည်း မကြာခဏချက်ပြီးကျွေးမွေးလေတော့ အရသာတွေ့နေပြီကွ၊ ဒီတစ်ခါတော့ မင်းကိုချက်ကျွေးရမှာ ပဲဟေ့ ” ဟု ပြောလေ၏။

“မဟုတ်တာပဲ ပေါက်ဖော်ကြီးရယ်”

ဟု မောင်ဘချစ်က ပြောလေ၏။

“အေး. . .ကောင်းတယ်ကွ၊ပေါက်ဖော်ကြီးလို့ ပဲ ခေါ်ပါတော့ကွာ၊ပေါက်ဖော်ကြီး ပေါက်ဖော်ကြီးလို့ ခေါ်တိုင်းခေါ်တိုင်း ဆွေမျိုးကြီးလို့ အဓိပ္ပာယ်ရနေတာပေါ့၊ ဟဲ. . .ဟဲ”

ဟု ဦးဂွမ်တီ (ခေါ်) ပေါက်ဖော်ကြီးက ပြောလေ၏။

“ဒုက္ခကို ဘယ်လိုဆီပြန်ချက်မှာ လဲဗျ”

ဟု မောင်ဘချစ်က မေးလေ၏။

“အဲဒါပြောတာပေါ့ကွ၊ကဲ. . .ဒါဖြင့်မင်းကိုမေးမယ်၊မင်းဟာ ဒုက္ခကိုမကြောက်ဘူးလားကွာ”

ဟု ပေါက်ဖော်ကြီးက မေးလေ၏။

“ဒုက္ခဟာ အကောင်တော့ မဟုတ်ဘူး ဗျ”

ဟု မောင်ဘချစ်က ပြောလေ၏။

“အကောင်မဟုတ်ရင်ဟင်းချက်လို့ မရသေးဘူးကွ၊အကောင်ဖြစ်လာရင်တော့ ဟင်းချက်လို့ ရပြီပေါ့ကွာ”ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

“ကတ်သီးကတ်သတ် ပေါက်ဖော်ကြီးရယ်၊စိတ်ညစ်ရတဲ့ အထဲ”ဟု မောင်ဘချစ်က ပြန်ပြောလေ၏။

“အဲဒီစိတ်ညစ်စရာကိုလည်း ဆီပြန်ချက်ရမှာ ပဲကွ၊စိတ်ညစ်ဆီပြန်ဟင်းပေါ့ကွာ”

ဟု ပေါက်ဖော်ကြီးက ပြောလိုက်ရာ မောင်ဘချစ်သည် လက်ရှိ ခံစားနေရသော ဒုက္ခများကို မေ့လျော့၍ တခစ်ခစ်နှင့် ရယ်မောလေ၏။

“ဘာကိုရယ်တာလဲ ကိုယ့်လူရဲ့ ”

ဟု ပေါက်ဖော်ကြီးက မေးလေ၏။

“ခင်ဗျားပြောတာက ရယ်စရာတယ်ပြီးကောင်းတာကိုး”

“လောကကြီးတစ်ခုလုံးမှာ ရယ်စရာနဲ့ ငိုစရာရယ်လို့ နှစ်မျိုးရှိတယ်ကွ၊ သုခနဲ့ ဒုက္ခကလည်း နှစ်မျိုးပဲ၊အဲဒီနှစ်မျိုးရှိပါလျက်နဲ့ ငိုစရာဒုက္ခကိုမှ ရွေးပြီးရှာတာကတော့ သက်သက်မိုက်မဲတာပဲကွ”

“ဒုက္ခက ရောက်လာတာကိုး ပေါက်ဖော်ကြီးရဲ့ ”

“ဒုက္ခကိုလက်မခံနဲ့ ကွ၊အရောမဝင်နဲ့ ကွ၊အပေါင်းအသင်းမလုပ်နဲ့ ကွ၊ ကုန်ကုန်ပြောမယ်ကွာ၊သူ့ကိုဆေးဖော်ကြောဖက်တောင်မလုပ်နဲ့ ကွ၊ အဲဒီလိုကိုယ်က ပြတ်ပြတ်သားသားဆက်ဆံလိုက်ရင် အိမ်ရှင်ကလက်မခံတဲ့ ဧည့်သည် လိုပဲ သူဟာတစ်ခါတည်းထပြီးပြန်တော့တာပဲ၊နှုတ်တောင်မဆက်တော့ဘူး၊သူ့ကိုများ အရေးတယူလုပ်တဲ့ သူဆိုရင် သူကပြန်ခါနီးမှာ တောင် နှုတ်ဆက်သွားသေးတယ်ဟေ့၊ ဟဲ. . .ဟဲ”

ဟု ပြောဆိုကာ ပေါက်ဖော်ကြီးက ရယ်မော လိုက်လေ၏။

“ကဲဗျာ. . .ကျုပ်ရဲ့ ဒုက္ခတွေကိုပေါက်ဖော်ကြီးကဘယ်လိုဖြေရှင်းပေးမှာ လဲလုပ်စမ်းပါဦးဗျာ”

ဟု မောင်ဘချစ်ကအားတက်သရော မေး လိုက်လေ၏။

“အဲဒါပြောချင်တာပဲကွ၊မှောင်နေတဲ့ အခန်းတစ်ခုထဲမှာ မီးထွန်းလိုက်တဲ့ ဥပမာမျိုးပဲ၊မီးထွန်းလိုက်တာနဲ့ အခန်းထဲမှာ အလင်းရောင်ပေါ်လာတော့တာပဲ။ အဲဒီအလင်းရောင်ဟာတစ်ချိန်တည်းမှာ အလုပ်နှစ်မျိုးလုပ်တယ်ကွ၊သေသေချာချာနားထောင်၊အလင်းရောင်ဟာ အလင်းကိုပေးတဲ့ အပြင်အမှောင်ကိုလည်း ပယ်ဖျောက်ပေးတယ်။အလင်းရောင်ရေ ၁က ်တ ၁န ဲ့ အမှောင်ဟာ ပျောက်ကွယ်ပေးရတယ်၊ တစ်ပြိုင်နက်တည်းဖြစ်တဲ့ သဘောပဲကွ၊ ဒီလိုပဲ ဒုက္ခကို ဖျောက်လိုက်တာနဲ့ သုခဟာရောက်လာတော့တာပဲ။ဒုက္ခဖျောက်ဖျက်နည်းကိုသိရင် သုခရောက်တဲ့ နည်းကိုထပ်ပြီးရှာစရာမလိုတော့ဘူးကွ”

ဟု ပေါက်ဖော်ကြီးက ပြောလေ၏။

ထိုအခါ မောင်ဘချစ်က. . ..

“ကျုပ်ရဲ့ ဒုက္ခတွေကိုတော့ပြေပျောက်အောင်လုပ်ဖို့ မလွယ်ပါဘူးဗျာ”ပြောလိုက်ရာ ပေါက်ဖော်ကြီးက. . .

“ရပါတယ်ကွာ”

ဟု ဆိုကာ ၎င်း၏ ကုတ်အင်္ကျီအိတ်ထဲမှာ စာရွက်ကိုထုတ်၍ အလယ်တည့်တည့်၌ ခဲတံဖြင့် ဒေါင်လိုက်မျဉ်းတစ်ကြောင်းကိုဆွဲ လိုက်လေ၏။ထိုသို့ဆွဲလိုက်ပြီးနောက်. . .

“မင်းနာမည်ပြော”ဟု မေးလိုက်ရာမောင်ဘချစ်က. . .

“ကျုပ်နာမည် မောင်ဘချစ်ပါ”ဟု ပြောလေ၏။

ထိုအခါပေါက်ဖော်ကြီးကစာရွက်ထိပ်ပေါ်၌ မောင်ဘချစ်၏ ဒုက္ခစာရင်းဟု ခေါင်းစဉ်တပ် လိုက်လေ၏။ထို့နောက် ပေါက်ဖော်ကြီးက . . .

“ကဲ . .. ပြောစမ်း၊မင်းရဲ့ ဒုက္ခတွေကို တစ်ခုစီ”

ဟု ဆိုလေ၏။

၎င်း၏ လေသံမှာ အမှန်ပင် ဒုက္ခများကိုဖြေရှင်းနိုင်သည့်သူတစ်ဦး၏ ဟန်ပန်အမူအရာမျိုး ဖြစ်လေ၏။

“ကျုပ်ရဲ့ မိန်းမဟာလင်ငယ်နဲ့ လိုက်သွားပြီဗျာ၊အဲဒါ ဒုက္ခတစ်ခုပဲ” ဟု ပြော လိုက်လေ၏။

ပေါက်ဖော်ကြီးလည်း စာရွက်ပေါ်၌ ရေးမှတ်လေ၏။ ထိုသို့ရေးမှတ်ပြီးနောက်. . .

“ကလေးကော. . .ရှိသလား”ဟု မေးလေ၏။

“ကလေးတော့ မရှိဘူးဗျ”

မောင်ဘချစ်က ပြန်၍ ဖြေလေ၏။

“ပြောစမ်းပါဦးမောင်ဘချစ်ရဲ့ ”

ဟု ပေါက်ဖော်ကြီးက မေးပြန်လေ၏။

“ကျုပ်ဟာရွှေကြီးမင်းကုမ္ပဏီကငွေကိုင်စာရေးဗျ၊ငွေတွေကွာတယ်ဆိုပြီး အမှုဖွင့်ထားတယ်၊ဟောဒီမှာ ပုလိပ်ကလည်း လက်ထိတ်ခတ်ထားပြီး ဆေးရုံကဆင်းတာနဲ့ ထောင်ကိုရောက်တော့မှာ ပဲ”

ဟု မောင်ဘချစ်က ပြောပြန်လေ၏။

ပေါက်ဖော်ကြီးကလည်း ရေးမှတ်ပြန်လေ၏။ ထိုသို့ ရေးမှတ်ပြီးနောက်. . .

“ပြောပါဦး မောင်ဘချစ်”ဟု မေးပြန်လေ၏။

“လောလောဆယ်မှာ လည်း ကျုပ်ဟာ ရောဂါသည် ဖြစ်နေတယ်ဗျာ ”ဟု ပြောပြန်လေ၏။

ပေါက်ဖော်ကြီးက ရေးမှတ်ပြန်လေ၏။ ရေးမှတ်ပြီးနောက်. . .

"ပြောပါဦး"

"ကျုပ်မိန်းမကလင်ငယ်နဲ့ လိုက်သွားတာကောင်းကောင်း မလိုက်ဘူးဗျ၊ရှိစုမဲ့စု ကလေးတွေပါအားလုံးယူသွားတယ်။အဲဒီတော့ဆေးရုံကဆင်းရင်တောင်ကျုပ်အနေနဲ့ ဘယ်လိုနေလို့ ဘယ်လိုစားရမှန်းတောင်မသိတော့ဘူး"ဟု မောင်ဘချစ်က ပြောပြန်လေ၏။

ပေါက်ဖော်ကြီးကရေးမှတ်ပြန်လေ၏။ထို့နောက်. . .

"ပြောပါဦး မောင်ဘချစ်"

ဟု ဆိုပြန်လေ၏။မောင်ဘချစ်သည် တစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲငြိမ်၍ နေလေ၏။ ထို့ကြောင့်ပေါက်ဖော်ကြီးက . . .

"ပြောလေကွာ၊ဒုက္ခတွေကသောင်းခြောက်ထောင်ဆိုကွ၊ အခုမင်းပြောတာက လေးခုပဲရှိသေးတာပဲ၊ဟောဒီမှာ ကြည့်"

ဟု ဆိုကာမောင်ဘချစ်အားစာရွက်ကိုပေးလိုက်၏။မောင်ဘချစ်လည်း ထိုစာရွက်ကိုယူ၍ ဖတ်ကြည့်လိုက်၏။

ထို့နောက်ပေါက်ဖော်ကြီးက ခဲတံကိုပါမောင်ဘချစ်အားပေး လိုက်လေ၏။

"ကဲ. . . မောင်ဘချစ်ရေ၊ငါ့ကိုယုံယုံကြည်ကြည်နဲ့ ငါပြောတာကိုသာလိုက်ပြီးရေးပေတော့"ဟု လည်း မှာ လိုက်လေ၏။

ထိုသို့မှာ လိုက်ပြီးနောက် အောက်ပါအတိုင်း ပြောလေ၏။

"နံပါတ်(၁)ဒုက္ခရဲ့ ဘေးနားမှာ ရေးထားလိုက်စမ်းပါကွာ၊ ဘချစ်ရဲ့ ခြေထောက်ကိုဖက်ပြီးတောင်းပန်ရမယ်လို့ "

မောင်ဘချစ်လည်း ပေါက်ဖော်ကြီးပြောသည့်အတိုင်းရေးလေ၏။

"ဒီမှာ မောင်ဘချစ်၊မင်းကိုဒုက္ခပေးသွားတဲ့ မိန်းမကမှားပါပြီကိုကိုချစ်ရယ်လို့ မင်းရဲ့ ခြေထောက်ကိုဖက်ပြီးတောင်းပန်တဲ့ အခါကျမှ သွားစမ်းမိန်းမယုတ်ဆိုပြီး ခြေထောက်နဲ့ ကန်ပစ်လိုက်စမ်းပါကွာ"

ဟု လည်း ပေါက်ဖော်ကြီးကပြော လိုက်လေ၏။

ထိုအခါ မောင်ဘချစ်လည်း စိတ်ဓာတ်တက်ကြွလာကာ. .. . .

"ကျုပ်လည်း ဒီလိုပဲလုပ်မယ်လို့ အောက်မေ့မိပါတယ်"

ဟု အားရပါးရပြောလေ၏။

"အေး၊ကောင်းပြီ၊နံပါတ်(၂) ဒုက္ခဘေးမှာ ကလည်း ရေးထားစမ်းပါဦး၊အမှုဖွင့်ရုံဖွင့်ထားခြင်းဖြစ်တယ်၊အမှုမရုံးသေး၊အမှုရုံးမှ သာထောင်ကျမည်၊အမှုမရုံးလျှင်ထောင်မကျနိုင်၊ ဒါကြောင့် ယခုအခါ၌ စဉ်းစားစရာမလိုလို့ ရေးထားလိုက်စမ်းပါ"

ဟု ပေါက်ဖော်ကြီးကပြောသဖြင့်မောင်ဘချစ်ကလည်း ရေးလေ၏။ ထိုသို့ရေးနေရင်းက မောင်ဘချစ်သည် ခေါင်းတဆတ်ဆတ်ညိတ်လေ၏။

"ဘာကိုခေါင်းညိတ်နေတာလဲ မောင်ဘချစ်ရဲ့ "

ဟု ပေါက်ဖော်ကြီးက မေးလေ၏။

"ပေါက်ဖော်ကြီးစဉ်းစားပုံကိုသဘောကျလို့ ပါဗျာ၊တော်တော်သဘာဝကျတာပဲ၊ အခုအခါမှာ ကျုပ်ကိုငွေကွာမှုနဲ့ အမှုဖွင့်ရုံဖွင့်ထားသေးတာပဲ၊ရုံးမှာ အမှုရင်ဆိုင်ရဦးမယ်၊ ရှေ့ဘက်ရှေ့နေတွေပြောကြဆိုကြဦးမယ်၊အဲဒီမှာ ကျုပ်ဟာနိုင်မယ်ဆိုရင်နိုင်နိုင်သေးပါလျက် ကျုပ်ကအခုကတ

ည်းကထောင်ကျတော့မယ်လို့ သချာပေါက်တွေးထားတာဟာ မှားတာပေါ့ဗျာ”

ဟု မောင်ဘချစ်က ပြောလေ၏။

ထိုအခါပေါက်ဖော်ကြီးက. . .

“နံပါတ်(၃)ဒုက္ခရဲ့ ဘေးနားမှာ ရေးထားလိုက်စမ်းပါဦး၊နံပါတ်(၃)ဒုက္ခကဘာတဲ့ . . .လောလောဆယ်လည်း ရောဂါသည် ဖြစ်နေ၏ တဲ့ ဟုတ်လား၊ကဲ. . .အဲဒီဘေးနားမှာ ရေးလိုက်၊ ခွဲစိတ်ကုသပြီးဖြစ်၍ မသေနိုင်တော့ပါ၊မကြာမီပင်ကျန်းမာလာမယ်လို့ ရေးထားပါဦး”

ဟု ဆိုသဖြင့် မောင်ဘချစ်လည်း ရေးပြန်လေ၏။

“အဲ . . နောက်ဆုံးဒုက္ခနံပါတ်(၄)အဲ. . . အဲ. . .အဲဒါက ဘာတဲ့ ၊ မိန်းမက ရှိစုမဲ့စုကလေးများ ယူသွားသည့်အတွက်ဆေးရုံကဆင်းလျှင်တောင် ဘယ်လိုနေလို့ ဘယ်လိုစားရမှန်းမသိတဲ့ အဲဒီဘေးကရေးထား၊ ပေါက်ဖော်ကြီးနဲ့ နေမယ်၊ ပေါက်ဖော်ကြီးနဲ့ စားမယ်လို့ ၊ ဟဲဟဲ”

ဟု ပေါက်ဖော်ကြီးကပြောလေ၏။

မောင်ဘချစ်လည်း လိုက်လံရေးမှတ်လေ၏။

ထို့ကြောင့်မောင်ဘချစ်၏ ဒုက္ခစာရင်းသည် အောက်ပါအတိုင်းဖြင့် ရေးသားပြီး ဖြစ်လေတော့၏။

*

## မောင်ဘချစ်၏ ဒုက္ခစာရင်း

နံပါတ်(၁)မိန်းမလင်ငယ်နှင့်ပါသွားသည် ။

ငါ့ရဲ့ ခြေထောက်ကိုဖက်ပြီးတောင်းပန်ရမယ်၊ အဲဒီအခါကျမှ သွားစမ်း မိန်းမယုတ်လို့ ပြောပြီး၊ နှင်လွှတ်မည်။

နံပါတ်(၂)ငွေကြွာမှုဖြင့် အမှုဖွင့်ထားခြင်း ခံရသည် ။

အမှုဖွင့်ရုံဖွင့်ထားခြင်းဖြစ်သည် ။ အမှုမရှုံးသေး၊ ရုံး၌ ရှေ့နေများ နဲ့ စကားပြောကြရဦးမည်။ လွတ်မည်ဆိုလျှင် လွတ်နိုင်သေး၏။ ယခုလော လောဆယ် ထောင်မကျနိုင်သေး။ ဒါကြောင့် ယခု ပူစရာမလိုသေး။

နံပါတ်(၃)လောလောဆယ်၌ ရောဂါဖြစ်နေသည် ။

ခွဲစိတ်ကုသပြီးဖြစ်၍ မသေနိုင်တော့ပါ။ မကြာမီ၌ပင် ကျန်းမာလာမည်။

နံပါတ်(၄)လင်ငယ်နဲ့ လိုက်သွားတဲ့ မိန်းမကရှိစုမဲ့စုကလေးများ ယူသွားသည့်အတွက် ဆေးရုံကဆင်းလျှင် နေစရာ စားစရာမရှိ။

ပေါက်ဖော်ကြီးနဲ့ နေမယ်။ ပေါက်ဖော်ကြီးနဲ့ စားမယ်။

ပေါက်ဖော်ကြီးသည် မောင်ဘချစ်၏ ဒုက္ခစာရင်းကို ကြည့်လိုက်ပြီးနောက်. . .

“ဟော့မောင်ဘချစ်ရေမင်းရဲ့ ဒုက္ခစာရင်းကိုကြည့်လိုက်တော့ လော

လောဆယ်ဖြေရှင်းစရာဆိုလို့ ဘာမှ မရှိတော့ပါဘူးကွ၊ အားလုံးပြီးနေပြီပဲ၊ သူ့အဖြေနဲ့ သူ ဟန်ကိုကျလို့ ”

ဟု ပြောလိုက်ရာ မောင်ဘချစ်က. . ..

“အစစ်ပဲပေါက်ဖော်ကြီးရယ်၊သေသေချာချာစာရင်းချကြည့်တော့လည်း ဘာမှ မရှိတော့ပါလား၊”ဟု ပြောလေ၏။

“အေး . . အဲဒါကြောင့်ပြောတာပေါ့ကွ၊ဒုက္ခဆိုတာသိပ်ပြီး အဖိုးတန်တယ်ကွ၊ စာရင်းနဲ့ အင်းနဲ့ လုပ်ကြည့်တော့မှ ရှားပါးတဲ့ပစ္စည်းဖြစ်ကြောင်းသဘောပေါက်တယ်မဟုတ်လား၊ ဟား . . ဟား . . . နောက်မှတ်ထား၊စိတ်ပူစရာဒုက္ခဖြစ်လာရင်အဲဒီဒုက္ခကို သေသေချာချာစာရင်းလုပ်ပေတော့၊စာရင်းလုပ်ကြည့်တာနဲ့ တစ်ပြိုင်နက်ဒုက္ခတွေရယ်၊ ဒုက္ခနဲ့ လွတ်ပေါက်တွေရယ်ပေါ်လာတော့တာပဲ၊စာရင်းစကားနဲ့ ပြောရရင်ဒုက္ခဒက်ဗစ်နဲ့ ဒုက္ခခရက်ဒစ် (ဒုက္ခမြီစား၊ ဒုက္ခမြီရှင်)ပေါ့ကွာ၊ ဟား ဟား ဟား”

ဟု ပေါက်ဖော်ကြီးက ရယ်မော လိုက်လေ၏။

မောင်ဘချစ်လည်း

ဒုက္ခစာရင်းစာရွက်ကြီးအားကိုင်လျက်ကျေနပ်စွာရယ်မော လိုက်လေတော့၏။၎င်း၏ရင်၌ လည်း အမှန်ပင်ပေါ့ပါး၍ သွားလေတော့သတည်း။

မှတ်ချက်။။မိတ်ဆွေ အကယ်၍ ဒုက္ခဖြစ်လာလျှင် မောင်ဘချစ်ကဲ့သို့ ဒုက္ခစာရင်းကို စနစ်တကျလုပ်ဆောင်ကြည့်စမ်းပါ။ဒုက္ခ၏ ထွက်ပေါက်များ တွေ့လာလိမ့်မည်။ဤနည်းကို စာရေးသူကိုယ်တိုင်အကြိမ်ကြိမ်စမ်းသပ်ကြည့်ခဲ့ဖူးပါသည် ။အောင်မြင်ခဲ့ဖူးပြီးသော ပွဲတွေ့နည်းဖြစ်ပါသည် ။

ဒုက္ခကို စာရင်းလုပ်ပြီး ဖြေရှင်းပါ။

စာရေးသူ

*